ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၂၈) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်**

**( ၂၀၁၆ ခုနှစ်၊ မေလ ၂၄ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ (၂၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁ )ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၅၀)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၂၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။၂

**အချိန်၊ ၁၀း၀၃။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမ ပုံမှန်အစည်းအဝေး(၂၈)ရက်မြောက်နေ့ ၂၄-၅-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဗိုလ်မှူးသန်းထွန်းမြင့်၊ တပ်မတော်သားကိုယ်စားလှယ်။ ဗိုလ်မှူး ကိုကိုနိုင်၊ တပ်မတော်သားကိုယ်စားလှယ်။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။ ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) တို့နှင့် ဒေါက်တာစိုင်းဆိုင်ကျော့ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) တို့ဖြစ်ကြပါတယ်။ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ(၁၉)ဦး ဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ (၂၁)ဦး ရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁၉)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦး ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) (ဥက္ကဋ္ဌ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ)က တင်သွင်းသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး တင်သွင်းသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး လှဝင်းအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၀၇။**

**ဗိုလ်မှူးကြီးလှဝင်းအောင် (တပ်မတော်သားကိုယ်စားလှယ်)**။ ။ရိုသေလေးစားရပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး လှဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူလူထုနဲ့ အနီးဆုံးထိတွေ့မှု နေရတဲ့ အခြေခံအကျဆုံး အုပ်ချုပ်ရေးအဆင့်ဖြစ်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကြမ်းကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၃ အရ လုံခြုံရေး အမြင်ရှုထောင့်ကနေ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းဟာ ပြီးခဲ့တဲ့အစိုးရနဲ့ လွှတ်တော်သက်တမ်းအတွင်းမှာ (၂)ကြိမ် ပြင်ဆင်ခဲ့ပြီးတဲ့နောက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်မယ်ဆိုတဲ့စေတနာနဲ့ တတိယအကြိမ် ပြင်ဆင်တဲ့အနေအထားကို တွေ့ရှိရပါတယ်။

ဒါပေမဲ့ ဒီလိုပြင်ဆင်တဲ့နေရာမှာ နိုင်ငံတော်ရဲ့လုံခြုံရေး၊ ပြည်သူလူထုရဲ့လုံခြုံရေးနဲ့ နိုင်ငံရဲ့ အကျိုးစီးပွား National Interest ကို ထိခိုက်ရာ ရောက်/မရောက်ကိုတော့ စဉ်းစားဆင်ခြင်ကြရမှာ

ဖြစ်ပါတယ်။ ကျွန်တော့်အား Power Point သုံးစွဲခွင့်ပြုနိုင်ပါရန်နှင့် သတ်မှတ်ချိန်ထက် ကျော်လွန်ပါက အချိန်ပိုမို ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဒီပြင်ဆင်တဲ့ဥပဒေမှာ ဧည့်စာရင်းတိုင်ကြားခြင်းနဲ့သက်ဆိုင်တဲ့ ပြဋ္ဌာန်းချက်တွေဖြစ်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဆ)နဲ့ ပုဒ်မ ၁၇ တို့ကို ပယ်ဖျက်ထားတဲ့အတွက် ဒီပုဒ်မနှစ်ခုလုံးဟာ ပယ်ဖျက်ရန်မသင့်ဘဲ မူလအတိုင်းသာ ထားရှိသင့်ကြောင်းကို ကျိုးကြောင်းဖော်ပြ တင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ မိမိတို့နိုင်ငံဟာ ဒီမိုကရေစီ အသွင်ကူးပြောင်းစနိုင်ငံ ဖြစ်ပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဘက်ပေါင်းစုံကနေ ပြောင်းလဲမှုတွေ အစပြုပြီးတော့ ကြိုးပမ်းဆောင်ရွက်နေရတဲ့ ကာလလည်း ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစိန်ခေါ်မှုတွေနဲ့အတူ နယ်စပ်ဒေသက လူဝင်မှုပြဿနာတွေ၊ အကြမ်းဖက်မှုနဲ့ လက်နက်ကိုင်ပဋိပက္ခတွေကိုလည်း ဖြေရှင်းနေရဆဲ ဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ပြဋ္ဌာန်းဥပဒေပါ ဧည့်စာရင်းတိုင်ကြားခြင်းကို ပယ်ဖျက်လိုက်ပါက နိုင်ငံတော်တည်ငြိမ်ရေးအတွက် လုံခြုံရေးဆိုင်ရာ လုပ်ငန်းတွေမှာ အနှောင့်အယှက်ပေးလိုက်သလို ပြည်သူတွေအတွက် ဆောင်ရွက်ထားတဲ့ လုံခြုံရေး စည်းရိုးကို ဖျက်ဆီးပစ်လိုက်တဲ့သဘော ဖြစ်သွားပါတယ်။ ဒီဥပဒေရဲ့အနှစ်သာရဟာ ပြည်သူလူထု ဘဝလုံခြုံရေးအတွက် ကောင်းမွန်တဲ့ပြဋ္ဌာန်းချက်တွေဖြစ်ပေမယ့်လို့ ယခင်အခါက ဥပဒေအပေါ် အကောင်အထည်ဖော်ဆောင်သူတွေရဲ့ လွဲမှားစွာ လုပ်ဆောင်ချက်တွေကြောင့် အများပြည်သူတို့ ဝန်ထုပ်ဝန်ပိုးဖြစ်လာလို့ ပယ်ဖျက်လိုခြင်း ဖြစ်တယ်လို့ ယူဆပါတယ်။

ယနေ့ ဒီမိုကရေစီနိုင်ငံတော်ကို ချီတက်ရာမှာ ပြည်သူလူထုအားလုံးက ဒီမိုကရေစီစံနှုန်းနဲ့ အညီ သွားကြရမှာပါ။ ဒီနေရာမှာ အဓိကလိုအပ်ချက်ကတော့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မိသားစု ဘဝလုံခြုံမှုနဲ့ တည်ငြိမ်အေးချမ်းမှုပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ (၅)နှစ်တာကာလအတွင်း ပြန်ကြည့်ရင် ကျွန်တော်တို့နိုင်ငံအတွင်းမှာ နိုင်ငံတကာအဆင့်ခေါင်းဆောင်ကြီးတွေရဲ့ ထိပ်သီးအစည်းအဝေးတွေ၊ ဒေသတွင်းအဆင့်ခေါင်းဆောင်တွေရဲ့ အာဆီယံအစည်းအဝေးတွေနဲ့ အာဆီယံအားကစားပွဲတွေ၊ နိုင်ငံတော်အဆင့် အရေးကြီးအစည်းအဝေးပွဲများ၊ ရိုးရာယဉ်ကျေးမှု ပွဲလမ်းသဘင်တွေ၊ ဘာသာရေး အခမ်းအနားများနဲ့ နောက်ဆုံး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အနှောင့်အယှက်ကင်းကင်း တည်ငြိမ်အေးချမ်းစွာ ဆောင်ရွက်နိုင်ခဲ့တာဟာ လုံခြုံရေးကောင်းမွန်စွာဆောင်ရွက်နိုင်ခဲ့လို့ ဖြစ်တယ်ဆိုတာ ငြင်းလို့မရတဲ့ဖြစ်စဉ်တွေပဲ ဖြစ်ပါတယ်။ ဒီလိုလုံခြုံမှုရှိအောင် ဆောင်ရွက်တဲ့သူတွေဟာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေတင်ပဲ မကဘဲနဲ့ အဓိကကတော့ ဒေသခံတိုင်းရင်းသားပြည်သူတွေရဲ့ နိုင်ငံ ချစ်စိတ်၊ ကိုယ်စီအသိစိတ်နဲ့ ပူးပေါင်းပါဝင်ခဲ့ကြသလို၊ ရပ်ကွက်၊ကျေးရွာတွေကအစ အဆင့်ဆင့် အုပ်ချုပ်ရေးပိုင်းမှာ တာဝန်ယူထားကြတဲ့သူတွေက ဥပဒေပြဋ္ဌာန်းချက်တွေနဲ့အညီ ဆောင်ရွက်နိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်။ နောက်ဆုံး တည်ငြိမ်အေးချမ်းစွာနဲ့ အစိုးရအလွှဲအပြောင်း တာဝန်ယူနိုင်ခဲ့တာကိုပါ နိုင်ငံတကာက အသိအမှတ်ပြုရသည်အထိ ဖြစ်ခဲ့ပါတယ်။ ဒီလိုအဆင်ပြေချောမွေ့မှုတွေရှိသော်လည်း မြန်မာနိုင်ငံအတွင်း အချို့နေရာတွေမှာတော့ မသမာသူအဖျက်သမားတွေရဲ့ လုပ်ဆောင်မှုတွေကြောင့် ဗုံးပေါက်ကွဲမှုဖြစ်စဉ်တွေ ကြုံတွေ့ခဲ့ကြတာကို ကိုယ်စားလှယ်အားလုံးနဲ့ ပြည်သူအားလုံး အသိပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ကာလတွေက ပေါက်ကွဲမှုဖြစ်စဉ်တွေကြည့်လျှင် ၂၀၀၅ ခုနှစ်၊ မေလ ၇ ရက်နေ့က မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၊ ထိုင်းကုန်စည်ပြပွဲနဲ့ စမ်းချောင်းမြို့နယ်၊ ဒဂုံစင်တာမြေညီထပ်တို့မှာ ဗုံးပေါက်ကွဲခဲ့လို့ သေဆုံးသူ(၃)ဦး၊ ဒဏ်ရာရသူ (၆၉)ဦး ရှိခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်၊ ဧပြီ ၁၅ ရက်နေ့က မင်္ဂလာတောင်ညွန့်မြို့နယ်၊ H2O ရေကစားမဏ္ဍပ်မှာ ဗုံးသုံးလုံးဆက်တိုက်ပေါက်ကွဲခဲ့လို့ သေဆုံးသူ(၉)ဦး၊ ဒဏ်ရာရသူ(၁၇၀)ဦးရှိခဲ့တဲ့ ဖြစ်စဉ်တွေ အပါအဝင် ၂၀၁၁ ကနေ ၂၀၁၅ ခုနှစ်အတွင်း ဗုံးပေါက်ကွဲမှုပေါင်း(၄၅)ကြိမ် ဖြစ်ပွားခဲ့လို့ အပြစ်မဲ့ပြည်သူတွေ ထိခိုက်ဒဏ်ရာရသေဆုံးသူများစွာရှိခဲ့ပါတယ်။ ဒီဖြစ်စဉ်တွေကြည့်ပါက မသမာသူ အဖျက်သမားတွေဟာ ဖြစ်ပွားရာ ဒေသခံလူမဟုတ်ဘဲနဲ့ အခြားတစ်နေရာကနေလာရောက်ပြီး ဒုစရိုက်မှု ကျူးလွန်ခဲ့ကြတာ ဖြစ်လို့ မိမိနယ်မြေအတွင်းမှာ လူစိမ်းဝင်ထွက်မှုတွေကို သက်ဆိုင်ရာများက သိရှိထားဖို့ စစ်ဆေး ကြပ်မတ်ရန်လိုအပ်တာကို တွေ့ကြရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံအတွင်းက အလုပ်အကိုင်ရှာဖွေသူတွေကို ပြည်ပနိုင်ငံတွေမှာ အလုပ်အကိုင် ရှာဖွေပေးဖို့ဆိုပြီး အခကြေးငွေ ရယူစုဆောင်း ခေါ်ဆောင်ပေးပို့ခဲ့တဲ့ လူကုန်ကူးမှုတွေကို စစ်ဆေး ဖမ်းဆီးခဲ့ရာမှာ ၂၀၁၁ က ၂၀၁၅ ခုနှစ်ထိ လူကုန်ကူးခံရသူ (၁၇၂၉) ဦးရှိခဲ့ပြီး တရားခံ (၁၆၉၇) ဦးကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေအရ အရေးယူခဲ့တာကို သိရှိရပါတယ်။ အလားတူ နိုင်ငံအတွင်းကို တစ်ဖက်နိုင်ငံတွေက ခိုးဝင်လာသူကို ဖမ်းဆီးရာမှာ ၂၀၁၁ ကနေ ၂၀၁၅ ခုနှစ်အထိ စုစုပေါင်း (၅)နှစ်တာကာလအတွင်း ဘင်္ဂလီ (၂၀၂၃)ဦးဖမ်းဆီးရမိခဲ့လို့ နယ်စပ်ဒေသက ခိုးဝင် ဘင်္ဂလီတွေရဲ့ အန္တရာယ်ကြီးမားမှုကို သတိပြုကြရမှာဖြစ်ပါတယ်။

ဒါ့အပြင် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလက ပြည်ပမီဒီယာတွေက ထုတ်လွှင့်သွားခဲ့တဲ့ သတင်းတစ်ခုကတော့ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နဲ့ အိန္ဒိယနိုင်ငံတို့မှာ ဂျီဟတ်မွတ်ဆလင် အစွန်းရောက် လှုပ်ရှားမှုကို အိန္ဒိယနိုင်ငံအပြင် မြန်မာပြည်အနောက်ဘက်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှာ အဓိကပစ်မှတ် ထားလှုပ်ရှားဖို့ အယ်လ်ခိုင်ဒါ အကြမ်းဖက်ခေါင်းဆောင်က ကြေညာခဲ့ကြောင်း ဒီနိုင်ငံနဲ့နီးစပ်တဲ့ ပါကစ္စတန်နဲ့ အာဖဂန်နစ္စတန်တို့မှာ တာလီဘန် အယ်လ်ခိုင်ဒါအဖွဲ့တွေ ခြေကုတ်ယူဖို့ နေရာရယူ နိုင်ခဲ့ပြီး လှုပ်ရှားမှုကိုတော့ နောင်(၂)နှစ်အကြာမှာ စတင်မယ်လို့ သိရှိရတဲ့အတွက် ဒီသတင်းနဲ့ ပတ်သက်ပြီး ၂၀၁၆ မှာ ထည့်သွင်းစဉ်းစားဖို့၊ ကြိုတင်ကာကွယ်ထားရန်လိုအပ်ကြောင်း တင်ပြလိုပါ တယ်။ ဒီလို မသမာသူ ဒုစရိုက်သမားတွေဟာ မြို့၊ ရွာနယ်ပယ်အသီးသီးက ဒေသခံတွေရဲ့ အသွင်သဏ္ဌာန်ကိုယူပြီးတော့ တည်းခိုခန်းတွေ၊ နေအိမ်တွေ၊ ဘာသာရေးအဆောက်အဦတွေမှာ တည်းခိုပြီးမှ အဖျက်အမှောင့်လုပ်ငန်းတွေကို ကြံစည်ခဲ့ကြတာဖြစ်လို့ မသင်္ကာသူတွေကိုတော့ ရှာဖွေ စစ်ဆေးမှုတွေ ပြုလုပ်ကြရမှာ ဖြစ်ပါတယ်။ တကယ်တော့ ဧည့်စာရင်းတိုင်ကြားခြင်းဟာ အိမ်ရှင် အတွက်လည်း ကာကွယ်မှုရယူပြီး ဖြစ်ပါတယ်။ မိမိနေအိမ်ကို ရောက်ရှိလာတဲ့ဧည့်သည်ဟာ ဆွေမျိုး အသိမိတ်ဆွေတွေ ဖြစ်ပေမယ်လို့ ၎င်းတို့အား ဘယ်အချိန်၊ ဘယ်ကာလက ဘာတွေလုပ်ခဲ့တယ်ဆိုတာ မသိနိုင်လို့ ၎င်းတို့ပြစ်မှုတစ်ခုခုနဲ့ ကျူးလွန်ပတ်သက်ခဲ့ရင်တော့ အိမ်ရှင်က သက်ဆိုင်ရာကို တင်ပြ ထားခဲ့ရင် ဥပဒေရဲ့အကာအကွယ်ကို ရယူနိုင်မှာဖြစ်ပါတယ်။ မိမိရပ်ကွက်၊ ကျေးရွာနယ်မြေအတွင်း ဒုစရိုက်အဖျက်လုပ်ငန်းတွေ မပေါ်ပေါက်စေရေး၊ ဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် လူစိမ်း

ဧည့်သည်တွေ ဝင်/ထွက်မှု စစ်ဆေးရာမှာ ဧည့်စာရင်းတိုင်ကြားခြင်း၊ စစ်ဆေးခြင်းဆိုတဲ့ ကိစ္စရပ်တွေအား မလွဲမသွေ ဆောင်ရွက်ရမယ့်ကိစ္စပဲ ဖြစ်ကြောင်း တင်ပြလိုပါတယ်။

တပ်မတော်နဲ့ မြန်မာနိုင်ငံသတင်းမီဒီယာတွေ ၂၀၁၆ ခုနှစ်၊ မေ ၁၃ ရက်နေ့က တွေ့ဆုံပွဲမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဧည့်စာရင်းစစ်ဆေးခြင်းနဲ့ ပတ်သက်ပြီး လွှတ်တော်တွင် ပြောဆိုနေတာရှိကြောင်း၊ ဒီမိုကရေစီစနစ်၊ Practice တစ်ခုအတွက်တော့ မှန်သော်လည်း လုံခြုံရေးရှုထောင့်ကကြည့်ပါက မိမိတို့နိုင်ငံတွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ မပြီးပြတ်သေးဘဲ နယ်မြေသတ်မှတ်ချက်အရ အဖြူရောင်နယ်မြေ၊ အညိုရောင်နယ်မြေ၊ အနက်ရောင်နယ်မြေ ဟူ၍ သတ်မှတ်ထား၍ အဖြူရောင်နယ်မြေရော အညိုရောင်နယ်မြေမှာပါ လိုအပ်သောစစ်ဆေးမှုများကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့အညီ လုပ်သင့်ကြောင်း၊ သို့သော်လည်း ပြည်သူလူထုအပေါ်မှာ ဖိအားမဖြစ်စေဘဲ လုပ်ပိုင်ခွင့်ကို အသုံးပြု၍ ဖိအားပေးမှုတွေရှိပါက တာဝန်ရှိတဲ့အဖွဲ့အစည်း၊ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေကို ထိထိရောက်ရောက် အရေးယူရမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကလည်း အရေးပေါ်ဖြစ်နေတဲ့အချိန်မှာ ရပ်ရွာအေးချမ်းသာယာရေး၊ လုံခြုံရေးအတွက် တပ်၊ မြန်မာနိုင်ငံရဲ့ ဒေသအာဏာပိုင်တွေပေါင်းစပ်ပြီး ဧည့်စာရင်းစစ်တဲ့ကိစ္စ၊ Sex and Rape လုပ်တဲ့ကိစ္စတွေ၊ မြို့ဝင်မြို့ထွက်တွေမှာ မသင်္ကာတဲ့ယာဉ်၊ ကား၊ ဆိုင်ကယ်၊ လူတွေကို စစ်ဆေးရမှာဖြစ်ကြောင်း၊ မိမိရပ်ကွက်၊ မိမိနေအိမ်မှာ ဧည့်စာရင်းစစ်ဆေးခံရ၍ ညအိပ်ရေးပျက်တာကိုတော့ လုံခြုံရေးအရဆောင်ရွက်ခြင်းကို သည်းခံနိုင်ဖို့လိုကြောင်း၊ မိမိဒေသ တည်ငြိမ်အေးချမ်းဖို့အတွက် အားလုံးတွင် တာဝန်ရှိကြောင်းနဲ့ ဒေသခံပြည်သူတွေ၊ တပ်မတော်၊ အစိုးရ၊ လွှတ်တော်၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြတဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး တွင်တာဝန်ရှိကြောင်း ပြောကြားခဲ့ပါတယ်။

ဒီပြောကြားချက်တွေကိုကြည့်ပါက မိမိနယ်မြေ ဒေသတည်ငြိမ်ရေးအတွက် လုံခြုံရေးဟာ အရေးကြီးသလို လူမှုဘဝလုံခြုံရေးအတွက် ရှာဖွေစစ်ဆေးခြင်းဆိုတဲ့အခန်းကဏ္ဍဟာ အရေးပါကြောင်း ပြည်သူများနားလည်သိရှိနိုင်ရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုက်ပါတယ်။ ဥပဒေပြုကိုယ်စားလှယ်တွေက အတည်ပြုပေးလိုက်တဲ့ဥပဒေတစ်ခုဟာ လိုက်နာကျင့်သုံးပြီးတဲ့နောက် ခေတ်စနစ်နဲ့ မကိုက်ညီလို့ လိုက်နာကျင့်သုံးဖို့ မသင့်တော်လို့ အတည်ပြုထားတဲ့ဥပဒေပုဒ်မတွေကို ပြင်ဆင်တာ၊ ပယ်ဖျက်တာ၊ နုတ်ပယ်တာဟာ သဘာဝကျပါတယ်။ ဒါပေမယ်လို့ အရေးပါတဲ့ ပြဋ္ဌာန်းချက်တစ်ခုကို ပယ်ဖျက်နုတ်ပယ်မိပါက ဖြစ်ပေါ်လာမယ့်အန္တရာယ် ကြီးမားမှုကိုတော့ သတိထား၊ သတိပြုကြရမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေး ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဆ)နဲ့ ပုဒ်မ ၁၇ တို့ကို ပြဋ္ဌာန်းထားတာကလည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၃ နဲ့ ပုဒ်မ ၃၅၇ အရ နိုင်ငံသားတွေကို လုံခြုံမှုကာကွယ်ပေးနိုင်ဖို့ပဲဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်များနဲ့အညီ စီမံခန့်ခွဲမှုအာဏာအပ်ထားတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးတွေအနေနဲ့ မိမိရပ်ကွက်၊ ကျေးရွာအတွင်း အခြားလူအဝင်/အထွက်တွေကို စီမံခန့်ခွဲမှုနည်းလမ်းအရ အချိန်နဲ့တစ်ပြေးညီသိရှိ ကြီးကြပ်ဆောင်ရွက်နိုင်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံအတွင်း ဒုစရိုက်မှုခင်းတွေပပျောက်ရေးနဲ့ နယ်စပ်ဒေသ

သောင်းကျန်းမှုချုပ်ငြိမ်းရေးကိစ္စရပ်တွေမှာ အုပ်ချုပ်ရေးအဖွဲ့အစည်းရဲ့ အခြေခံဖြစ်တဲ့ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးတွေရဲ့ ပံ့ပိုးကူညီမှုနဲ့ ရယူဖြေရှင်းဆောင်ရွက်နေရဆဲ ဖြစ်ပါတယ်။ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးတွေဟာ ထမ်းဆောင်ရတဲ့ နယ်မြေအခြေအနေအရ အတိုင်းအတာ တစ်ရပ်အထိ စီမံခန့်ခွဲမှုအာဏာ၊ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေ ဒွန်တွဲရှိသင့်ပြီး ပြည်သူလူထုအတွင်း ကောင်းမွန်သော အကျင့်တွေနဲ့ အုပ်ချုပ်မှုအခွင့်အလမ်းတွေကိုလည်း ပိုမိုကျယ်ပြန့်စွာ ရသင့်ပါတယ်။

သို့ဖြစ်ပါ၍ ဧည့်စာရင်းတိုင်ကြားမှုကို ပယ်ဖျက်လိုက်ပါက ရပ်ကွက်ကျေးရွာအတွင်း လူဝင်/လူထွက်များ စနစ်တကျကြပ်မတ်ရာမှာ အားနည်းမှုတွေ ဖြစ်ပေါ်ပြီး ရပ်ရွာအေးချမ်းမှုနဲ့ တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာစေနိုင်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကမ္ဘာ့နိုင်ငံအများအပြားမှာ ပြည်သူလူထုရဲ့ အသက်အိုးအိမ် စည်းစိမ် လုံခြုံရေးကို အန္တရာယ်ဖြစ်စေတဲ့ ငြိမ်းခြောက်မှုများစွာနဲ့ ရင်ဆိုင်နေရပြီး နေရာအချိန်မရွေး ဗုံးပေါက်ကွဲမှု သတင်းဆိုးတွေလည်း မကြာခဏ ကြားမြင်နေရပါတယ်။ ကမ္ဘာ့အနောက်ခြမ်း နိုင်ငံတွေဟာ စက်မှု နည်းပညာမြင့်မားပြီး နိုင်ငံရဲ့ဓနအင်အား တောင့်တင်းကြတဲ့အတွက် ၎င်းတို့နိုင်ငံရဲ့လုံခြုံရေး ဆောင်ရွက် တဲ့အခါမှာ အဆင့်မြင့်နည်းပညာသုံးပြီး ခေတ်မီစက်ကိရိယာတွေအကူအညီနဲ့ပါ စနစ်တကျ ဆောင်ရွက် ကြပါတယ်။ ဒါပေမယ်လို့ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် နေ့က ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ အကြမ်းဖက်ဗုံးပေါက်ကွဲမှု (၆)နေရာဖြစ်ပွားခဲ့လို့ သေဆုံးသူ(၁၃၇)ဦး၊ (၃၆၈)ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ အလားတူ ၂၀၁၆ခုနှစ်၊ မတ်လ ၂၂ ရက်နေ့မှာ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့မှာ ဘရပ်ဆဲလ်လေဆိပ်မှာ အိုင်အက်စ်အဖွဲ့က အသေခံဗုံးတိုက်ခိုက်မှုကြောင့် (၃၅)ဦးသေဆုံးပြီး၊ (၃၄၀)ဦး ဒဏ်ရာရရှိခဲ့တဲ့ ဖြစ်စဉ်တွေ ကြားသိရတဲ့အတွက် အနောက်နိုင်ငံကြီးတွေမှာတောင် ပြီးပြည့်စုံတဲ့လုံခြုံ ရေးဖြစ်ဖို့ မလွယ်ကူဘဲနဲ့ လုံခြုံရေးစည်း ပျက်ယွင်းတာကို တွေ့ကြရပါတယ်။ ကျွန်တော်တို့ မြန်မာ နိုင်ငံမှာတော့ နည်းပညာနည်းပါး၊ ဓနအင်အားရှားပါးတဲ့အတွက် လိုအပ်တဲ့ လုံခြုံရေးရဖို့ကို ရှိတဲ့ အင်အားလေးနဲ့ စစ်ဆေးဆောင်ရွက်ကြတာဖြစ်ပါတယ်။ ယခုလက်ရှိ မြန်မာနိုင်ငံ အတွင်းမှာလည်း စောစောက တင်ပြခဲ့သလို အချို့သောဒေသတွေမှာ ပေါက်ကွဲမှုဖြစ်စဉ် တွေကို ကြားသိနေရဆဲဖြစ်ပြီး နယ်စပ်ဒေသက ခိုးဝင်လာသူတွေ၊ လူကုန်ကူးမှုနဲ့ လူဝင်မှုပြဿနာတွေ၊ မူးယစ် ဆေးဝါးပြဿနာတွေ၊ တရားမဝင် လက်နက်သယ်ဆောင်ခြင်းနဲ့ လုံခြုံရေးခြိမ်းခြောက်မှုတွေ၊ လက်နက် ကိုင်ပဋိပက္ခနဲ့ အခြားသောဒုစရိုက် တွေကို ဖြေရှင်းနေရသလို NCA လုပ်ငန်းစဉ်တွေ၊ အမျိုးသား ပြန်လည် ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အဆင့်ဆင့်ဆောင်ရွက်နေဆဲ ကာလလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လုံခြုံစိတ်ချရတဲ့ခံစားမှုကို ရရှိစေမယ့်ပြည်သူလူထုဘဝ လုံခြုံရေးအတွက် ဆောင်ရွက်ထားတဲ့ လုံခြုံရေးစည်းရိုးသဖွယ်ဖြစ်တဲ့ ပြဋ္ဌာန်းချက်တွေကို ပယ်ဖျက် လိုက်ပါက မရှိတော့ တဲ့စည်းရိုးအပေါ်မှာ အခွင့်ကောင်းယူ၍ မသမာသူတွေက အဖျက်လုပ်ငန်းများ ဆောင်ရွက်လာခဲ့ ပါရင် ပြည်သူလူထုဟာ ကြေကွဲဝမ်းနည်းဖွယ်ရာကိစ္စရပ်တွေနဲ့ ဆိုးကျိုးတွေသာ ကြုံတွေ့လာနိုင်ပါ တယ်။ ဒီလိုဖြစ်စဉ်တွေ ပေါ်ပေါက်ခဲ့ရင်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၇ ပါအတိုင်း ပြည်သူလူထုရဲ့ လုံခြုံမှုကို ဥပဒေအရကာကွယ်ပေးရမယ့် ဥပဒေပြုလွှတ်တော် ကိုယ်စားလှယ်တွေဟာ သမိုင်းမှတ်တမ်းမှာ တာဝန် မကျေဘဲ တာဝန်ရှိတဲ့သူတွေအဖြစ် ရောက်သွား နိုင်တာကို သတိပြုကြရ မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံးအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၃၊ပုဒ်မ ၃၈၄၊ ပုဒ်မ ၃၈၅ ပါပြဋ္ဌာန်းချက်တွေအတိုင်း လိုက်နာလုပ်ဆောင်ရမှာဖြစ်သောကြောင့် ပြည်သူ လူထုရဲ့ ရပ်ရွာလုံခြုံရေးအခြေအနေအရပ်ရပ်ကို အလေးထား စဉ်းစားချင့်ချိန်ပြီး အခြေခံ အကျဆုံး အုပ်ချုပ်ရေးအဆင့်ဖြစ်တဲ့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဆ)နဲ့ ပုဒ်မ ၁၇ တို့အား ပယ်ဖျက်ခြင်းမပြုဘဲ မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန် ဆွေးနွေးတင်ပြအပ်ပါ တယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၀။**

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်တစ်ဦး ဖြစ်တဲ့ ဦးအောင်သိန်း ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေရဲ့ တတိယအကြိမ် ပြင်ဆင်ချက်အပေါ် ဆွေးနွေးခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်ကတော့ ဧည့်စာရင်းကိစ္စအပိုင်းကိုပဲ အဓိကထား ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လိုအပ်ရင် အချိန်အနည်းငယ် ပိုပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးဥပဒေ အခန်း(၇) ပုဒ်မ ၁၃ (ဆ)နှင့် ပုဒ်မ ၁၃ (ဃ)၊ အခန်း(၉)၊ ပုဒ်မ ၁၇ တို့ကို ပယ်ဖျက်ထားတဲ့အပေါ် ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။ အဲဒီ ပုဒ်မ (၃)ခုရဲ့ ဖော်ပြချက်တွေကတော့ ဧည့်စာရင်းတိုင်ကြားရခြင်း၊ ခွင့်ပြုခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ ဧည့်စာရင်းတိုင်ကြားရန် ပျက်ကွက်မှုအတွက် အရေးယူခြင်းဆိုတဲ့ ပုဒ်မ ၁၃(ဆ) တရားဥပဒေ စိုးမိုးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် စစ်ဆေးရန် လိုအပ်သော နေရာများကို အခါအားလျော်စွာ စစ်ဆေးခြင်းဆိုတဲ့ ပုဒ်မ ၁၃(ဃ)၊ အခြားရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုတွင် နေထိုင်ပြီး မိမိ အိမ်ထောင်စုစာရင်းဝင် မဟုတ်သူက ညဥ့်အိပ်၊ ညဥ့်နေ ဧည့်သည်အဖြစ် လာရောက် တည်းခိုခြင်း၊ လာရောက်တည်းခိုသူ ပြန်လည်ထွက်ခွာသွားခြင်းတို့ကို အုပ်ချုပ်ရေးမှူးထံ သတ်မှတ်ချက်များနဲ့အညီ တိုင်ကြားရမယ်ဆိုတဲ့ ပုဒ်မ ၁၇ တို့ဟာ ပြောင်းလဲချိန်တန်ပြီမို့ ဒီမိုကရေစီခေတ်နဲ့ မလျော်ညီတော့တဲ့ အတွက် အခြေခံအချက်အနေနဲ့ ပယ်ဖျက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ယခင် ၁၉၀၇ ခုနှစ်၊ ကျေးရွာအက်ဥပဒေကို ဖျက်သိမ်းလိုက်ပေမယ့် ယင်းအက်ဥပဒေက မြစ်ဖျားခံလာပြီး ပြုပြင်မွမ်းမံထားတဲ့ ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး ဥပဒေဆိုတာ ပေါ်ပေါက်လာတာပါ။ ကျေးရွာအက် ဥပဒေကို ၁၉၀၇ ခုနှစ်မှာ ပြဋ္ဌာန်းရတာဟာ သူ့ကျွန်ဘဝကာလ ကိုလိုနီအုပ်ချုပ်ရေးစနစ်ကို တော်လှန်ပုန်ကန်လိုတဲ့သူတွေဟာ တစ်ရွာနဲ့တစ်ရွာ

ကူးလူးဆက်ဆံရာမှာ ညဥ့်အချိန် ပုန်းလျှိုးကွယ်လျှိုး သွားလာလှုပ်ရှားမှု မပြုလုပ်နိုင်အောင် ကျေးရွာအုပ်ချုပ်ရေးမှူးကို သတင်းပေးအနေနဲ့ ခန့်အပ်ထားတာပါ။ ယနေ့ ကမ္ဘာပေါ်မှာ ဒီမိုကရေစီနိုင်ငံတော်တော်များများမှာ ဧည့်စာရင်း တိုင်ကြားခြင်းနဲ့ သန်းခေါင်စာရင်းစစ်ဆေးခြင်း ဆိုတာတွေ မရှိပါဘူး။ ကောင်းမွန်တဲ့ လုံခြုံရေးကို နိုင်ငံတော်က တာဝန်ယူထားလို့ပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီး (၁၀)နှစ်ဝန်းကျင်မှာ ဒီမိုကရေစီ ပုံဖော်နိုင်တဲ့ ကောင်းမွန်တဲ့ အစိုးရတစ်ရပ် ပေါ်ပေါက်ခဲ့ဖူးပါတယ်။ အာရှတိုက်နိုင်ငံအချို့ကတောင် လာရောက်လေ့လာ ကြည့်ရှုရတဲ့ အခြေအနေမျိုး ကမ္ဘာ့ဘဏ်မှာ ရွှေပေါင်တင်ထားပြီး မြန်မာပိုက်ဆံကို နိုင်ငံခြားတိုင်းပြည်တွေမှာ လဲလှယ်သုံးလို့ရခဲ့တဲ့ အခြေအနေမျိုး ရှိခဲ့ဖူးပါတယ်။ ဒါပေမဲ့ ၁၉၆၂ ခုနှစ်က စပြီး အာဏာရှင်စနစ်ရဲ့ လက်ဆင့်ကမ်းအုပ်ချုပ် အမွေပေးခဲ့တာဟာ နှစ်ပေါင်း (၂၆)နှစ်ကြာတဲ့ ၁၉၈၈ ခုနှစ်မှာ အဆင်းရဲဆုံး နိုင်ငံစာရင်းဝင် ဖြစ်သွားခဲ့ပါတယ်။ အာဏာရှင်စနစ် အစွန့်ရှည်နေတာ နှစ်ပေါင်း (၅၀)ကျော် ရှိခဲ့တဲ့ အမှောင်ခေတ် ဖြတ်သန်းလာခဲ့ရင်း ယခု ၂၀၁၆ ခုနှစ် ရောက်မှ အရပ်သားပြည်သူအစိုးရဆိုတာကို ပြန်လည်ပုံဖော်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော့်ရှေ့က ဆွေးနွေးသွားကြတဲ့ တပ်မတော်ကိုယ်စားလှယ်ကြီးများကတော့ လုံခြုံရေးရှုထောင့်သတ်သတ်က ကြည့်ပြီး ဧည့်စာရင်း တိုင်ကြားရန် လိုအပ်လျက်ရှိကြောင်း ဆွေးနွေးတင်ပြခဲ့ကြပါတယ်။ ဧည့်စာရင်းနဲ့ဆိုင်တဲ့ ပုဒ်မတွေကို မပယ်ဖျက်သင့်ဘူးလို့ ဆိုပါတယ်။ လုံခြုံရေးဟာ နိုင်ငံအတွက် အရေးကြီးတယ်ဆိုတာကို ကျွန်တော်တို့ လက်ခံရမှာပါ။ ဒါပေမဲ့ ရပ်ကွက်နဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ ဧည့်စာရင်း စစ်ဆေးခြင်းဖြင့် ၊ သတင်းရခြင်းဖြင့် ဘယ်အိမ်မှာ သူပုန်၊ ဓားပြ၊ သူခိုး၊ မူးယစ်ဆေးဝါး၊ လက်နက်မှောင်ခို၊ လူကုန်ကူးသူတွေ ဖမ်းဆီးရမိတယ်ဆိုတာမကြားရဖူးပါဘူး။ ပြည်သူ့ဝန်ထမ်းလုံခြုံရေးတပ်ဖွဲ့ဝင်များရဲ့ ကြိုးစားမှုတွေကြောင့်သာ ဖမ်းဆီးအရေးယူနိုင်ခဲ့ခြင်းသာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေဟာ ညဥ့်နက်အချိန် ဧည့်စာရင်းစစ်ဆေးခြင်းနဲ့အတူ တစ်ခါတစ်ရံ ဧည့်မရှိတဲ့အိမ်ကိုလည်း အိမ်ထောင်စုသန်းခေါင်စာရင်း တောင်းကြည့်ပြီး လူစစ်မေးတာတွေလည်း လုပ်ခဲ့ကြပါတယ်။ ညဥ့်နက်အချိန် အိမ်တံခါးခေါက်ပြီး ဧည့်စာရင်း စစ်တာကို အကြောင်းပြုပြီး နိုင်ငံရေးသမားနဲ့ လှုပ်ရှားတက်ကြွသူတို့ရဲ့ နေအိမ်ပေါ်က ဒေါ်အောင်ဆန်းစုကြည် ပုံပါတဲ့ ပြက္ခဒိန် ၊ ခွင့်ပြုချက်မပါတဲ့ CD ခွေ ၊ ပုံနှိပ်တိုက် မပါတဲ့ ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေး ကြေညာစာတမ်း စာအုပ် ၊ ချဲစာရွက်တွေ တွေ့ရှိမှုနဲ့ ရဲစခန်း ခေါ်သွားပြီး ရှာဖွေပုံစံမှာ လက်မှတ်ထိုး ပေးအပ်စေ၍ အမှုဖွင့်တရားရုံးတင် ထောင်ကျခဲ့တဲ့ လူတွေရဲ့ အမှုတွေကိုရှေ့နေအဖြစ် ကိုယ်တွေ့ လိုက်ပါဆောင်ရွက်ပေးလို့ သိရှိရတာပါပဲ။ ညဥ့်အချိန်ရောက်ရှိနေထိုင်တဲ့ဧည့်သည် (Over Night Visitor)သို့မဟုတ် မသင်္ကာသူကို ရှာဖွေဖမ်းဆီးရာမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၉၆ မှာ ရှာဖွေ ဝရမ်းနဲ့ပတ်သက်ပြီး ပြစ်မှုကျင့်ထုံးဥပဒေ ပုဒ်မ ၄၇ မှ ၅၀ အထိ ဖမ်းဆီးသင့်သူကို ဖမ်းဆီးရန် ဝင်ရောက်ရှာဖွေခြင်းနဲ့ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁ နဲ့ ၅၂ မှာ ဖမ်းဆီးခံရသူကို ရှာဖွေခြင်းတို့ ဖြစ်ပါတယ်။ ထုတ်ဆင့်တဲ့ ရဲအရာရှိကသာ အတည်ပြုနိုင်ပါတယ်။ ဥပမာအားဖြင့် လောင်းကစားဝိုင်းရှိတဲ့အိမ်ကို ရှာဖွေဝရမ်းမပါဘဲ ဝင်ရောက်တဲ့ ရဲအရာရှိကို ခုခံခြင်းဟာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၃ တာဝန်ဆောင်ရွက်သူ ပြည်သူ့ဝန်ထမ်းကို

ဟန့်တားရန် လက်ရောက်မှု ကျူးလွန်မှု သို့မဟုတ် အနိုင်အထက်ပြုကျင့်မှုဖြင့် တရားမစွဲနိုင်ဘူး လို့တောင် စီရင်ထုံးတွေ ရှိပါတယ်။ ဒါကြောင့် အိမ်ဥပစာအတွင်းကို ဝင်ရောက်ရှာဖွေရမယ့် ရဲအရာရှိတစ်ယောက်တောင် ရှာဖွေဝရမ်းပါမှ ဝင်ရောက်ရှာဖွေခွင့်ရှိကြောင်း ဥပဒေပြဋ္ဌာန်းချက်တွေ ရှိပါလျက်နဲ့ အုပ်ချုပ်ရေးမှူးက ညအချိန်မတော် နေအိမ်ပေါ်တက်ပြီး ဧည့်စာရင်း ဖမ်းခွင့်ပေးထားတဲ့ ဥပဒေဟာ အများပြည်သူ လက်မခံနိုင်တဲ့ မတရားတဲ့ ဥပဒေဖြစ်နေပါတယ်။ အုပ်ချုပ်ရေးမှူး တစ်ယောက်ဟာ သူနဲ့အဆင်မပြေရင် ဧည့်စာရင်းကို လိုရင် လိုသလို စစ်နိုင်တယ်လို့ ကျယ်ပြန့်တဲ့ အခွင့်အရေးပေးထားသလို ဖြစ်နေပါတယ်။ ဒီအတွက် ဧည့်စာရင်း တိုင်ရတဲ့ ပုဒ်မနဲ့ ဆက်နွှယ်တာ အားလုံးကို ပယ်ဖျက်သင့်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေမှာ အခန်း (၇)ပုဒ်မ ၁၃ (ဇ)၊ အခန်း(၉)ပုဒ်မ ၁၉ (က)၊ အခန်း(၁၁) ပုဒ်မ ၂၇ တို့ ပြဋ္ဌာန်းချက်တွေဟာ လုံခြုံရေးအတွက် ဖော်ပြထားတဲ့ အချက်တွေ ဖြစ်ပါကြောင်း၊ အဲဒီဥပဒေတွေမှာ အုပ်ချုပ်ရေးမှူးတစ်ဦးတွင်သာ တာဝန်ရှိခြင်းမဟုတ်ဘဲ ရပ်ကွက်ကျေးရွာနေ ပြည်သူများအားလုံး နဲ့ သက်ဆိုင်တဲ့ လုံခြုံရေးကိစ္စတွေပါ တာဝန်ခံထားရတာမို့ ဧည့်စာရင်း စစ်စရာ မလိုတော့တဲ့ အခြေအနေမျိုး ရှိနေပြီဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၈။**

**ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများရှင်။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သ အပ်ပါတယ်ရှင့်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်အိအိပြုံး ဖြစ်ပါတယ်ရှင့်။ ကျွန်မအနေဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား ဝင်ရောက်ဆွေးနွေးရခြင်းမှာ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ ပြည်သူများ၏ မျှော်လင့်ချက် လွှတ်တော်မှ ဖော်ဆောင်ရွက် ဆိုသည့်အတိုင်း ပြည်သူ့အသံကို ထင်ဟပ်စေလို၍ ဝင်ရောက်ဆွေးနွေး ရခြင်း ဖြစ်ပါတယ်ရှင့်။ ဦးစွာပထမ ပြည်တွင်းပြည်ပ အဖွဲ့အစည်းဆိုင်ရာကော်မတီနှင့် ဥပဒေကြမ်း ကော်မတီ တို့၏ ကြိုးစားအားထုတ်မှုကိုလည်း အထူးပဲ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်ရှင့်။ သို့ရာတွင် ပြည်သူ များ၏ မျှော်လင့်ချက်ကို ဖော်ဆောင်ရန်အလို့ငှာ ကော်မတီမှ အဆိုပြု ပြဋ္ဌာန်းချက်များအား အနည်းငယ် အကြံပြု ဆွေးနွေးပါမယ်ရှင်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ အသက်ကန့်သတ်ချက်နှင့်ပညာရေး ကန့်သတ်ချက်များသည် ရှေ့တွင် ပြည့်စုံစွာ ဆွေးနွေးပြီးဖြစ်၍ အချိန်ကို ငဲ့ညှာသောအားဖြင့် မဆွေးနွေးတော့ပါဘူးရှင့်။

ဆက်လက်ပြီး အခန်း(၄) ပုဒ်မ ၆ တွင် မူလဥပဒေအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းမှ ဆွေးနွေးထားသည့် မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ယင်းတာဝန်ကို ထမ်းဆောင်ရန် ဆန္ဒရှိသည့်အပြင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများက ဆန္ဒမဲဖြင့် ရွေးချယ်ပေးသော ရပ်မိရပ်ဖ (၅)ဦးဖြင့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်ဆိုသော နေရာတွင် ဆန္ဒမဲဖြင့် ဆိုသော စကားလုံးကို ထည့်ပေးစေချင်ပါတယ်ရှင်။ ဆက်လက်ပြီး မူလဥပဒေတွင် ပြဋ္ဌာန်းထားသော အခန်း(၄) ပုဒ်မ ၇ (က)(ခ)(ဂ)(င)တို့အား ပယ်ဖျက်ပေးစေချင်ပါတယ်ရှင်။ ထိုပုဒ်မများသည် ဆယ်စုမှူး ရွေးချယ်ရာတွင် ပြဋ္ဌာန်းထားသော ပုဒ်မများ ဖြစ်နေသောကြောင့် ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ လွှတ်တော် ကိုယ်စားလှယ်များ ပြည်သူများနှင့် တွေ့ဆုံသည့်အခါတိုင်း အုပ်ချုပ်ရေးရွေးပွဲမှ ဆယ်စုမှူးများ၏ အုပ်စုဖွဲ့ခြင်း၊ လာဘ်ပေးလာဘ်ယူပြုမူကြခြင်း၊ မဲဝယ်ရန် လွယ်ကူလွန်းနေခြင်း ကြားနေရပါတယ်ရှင်။ ဆိုလိုသည်မှာ ဆယ်အိမ်အတွင်းရှိ အုပ်ချုပ်ရေးမှူး ရွေးချယ်ခံချင်သူ (၂)ဦးရှိလျှင် (၁)ဦးသည် မိမိ၏ ပြိုင်ဘက်အား ဆယ်စုမှူးအဖြစ် တက်မလာစေရန် နေအိမ်(၆)လုံးအား လာဘ်ပေးလာဘ်ယူ ပြုခြင်းဖြင့် ၎င်း၏ပြိုင်ဘက်အား ဖြုတ်ချနိုင်သော အခွင့်အရေး ရရှိနေခြင်းဖြစ်ပါသည်။ အချို့နေရာ များတွင် မိသားစုများ စုဝေးနေထိုင်တတ်ကြ၍ ဆယ်စုမှူးမှတစ်ဆင့် အုပ်ချုပ်ရေးမှူးလောင်း ပေါ်ထွက်စေရာ၌ ရပ်ကွက်မှ အမှန်အားကိုးသူ မပါရှိဘဲ နစ်နာစေခြင်းများကြောင့် ဆယ်စုမှူးမှ တစ်ဆင့် အုပ်ချုပ်ရေးမှူးလောင်း ရွေးချယ်ခြင်းအား အပြင်းအထန် ကန့်ကွက်၍ ပြည်သူများသည် မိမိတို့ ရပ်ကွက်၊ ကျေးရွာ ဖွံ့ဖြိုးရေးအတွက် မိမိတို့ ယုံကြည်သော ပုဂ္ဂိုလ်အား အုပ်ချုပ်ရေးမှူးအဖြစ် တိုက်ရိုက်ရွေးချယ်ချင်ကြောင်းကို သွားသမျှ နေရာတိုင်း၌ မပါမဖြစ် ပါနေသော ဆွေးနွေးသည့် အကြောင်းအရာ ဖြစ်နေပါတယ်ရှင်။

ထို့အတွက်ကြောင့် ပြည်သူ့ဆန္ဒနှင့် လျော်ညီစေရန် ဆယ်စုမှူးမှတစ်ဆင့် အုပ်ချုပ်ရေးမှူး လောင်း တင်မြှောက်ရွေးချယ်ခြင်းမပြုဘဲ ဆန္ဒပြုသူ အုပ်ချုပ်ရေးမှူးလောင်းအား ပြည်သူမှ တိုက်ရိုက် ရွေးချယ်နိုင်ရေးအတွက် အခန်း(၄)၊ ပုဒ်မ ၇ (ဃ)တွင် အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ခံရန် ဆန္ဒ ရှိသော ပုဂ္ဂိုလ်သည်ကိုယ်တိုင် ဆန္ဒပြုအဆိုလွှာအား ကြီးကြပ်ရေးမှူးထံ လျှောက်ထား၍ ကြီးကြပ်ရေးမှူးမှ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံခြင်း ရှိ/ မရှိကို စိစစ်ရမည်။ သတ်မှတ် အရည်အချင်းနှင့်ပြည့်စုံသော အုပ်ချုပ်ရေးမှူးလောင်းအား အများပြည်သူ သိရှိနိုင်စေရန် ရုံးများတွင် ပွင့်လင်းမြင်သာစွာ ကြေညာထားရမည်ဟု ပြင်ဆင်ပေးစေချင်ပါတယ်ရှင်။ အခန်း(၄)၊ ပုဒ်မ ၇ (စ)တွင် ပြည်တွင်းပြည်ပ အဖွဲ့အစည်းဆိုင်ရာကော်မတီ၏ အဆိုပြုချက်အတိုင်း အမည်စာရင်းပါ ပုဂ္ဂိုလ်များ အနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးကို အိမ်ထောင်စု တစ်စုစီမှ အိမ်ထောင်ဦးစီး သို့မဟုတ် အသက်(၁၈)နှစ်ပြည့်ပြီးသူ အိမ်ထောင်စုဝင်တစ်ဦးက လျှို့ဝှက်ဆန္ဒမဲ ပေး၍ရွေးချယ်စေရမည်။ ရရှိသော မဲစာရင်းကို ရေတွက် ကြေညာရမည်ဟု ပြင်ပေးစေလိုပါတယ်ရှင်။ ဆက်လက်ပြီး အခန်း (၅)လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များ၏ ပုဒ်မ ၁၁ (ခ)တွင် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း၊ အရှိန်အဝါကို အသုံးပြုခြင်း၊ မသမာမှုပြုခြင်းနှင့် မလျော်ညီဇာ သုံးခြင်းတို့ကို

ရှောင်ကြဉ်ခြင်း ဆိုရာတွင် လာဘ်ပေးလာဘ်ယူပြုခြင်းမှ ရှောင်ကြဉ်ခြင်း ဆိုသော စကားရပ်အား အဂတိလိုက်စားမှု ကင်းစင်စေရန် ထပ်မံဖြည့်သွင်းပေးစေချင်ပါတယ်ရှင်။

ဆက်လက်ပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် မိမိ၏ တာဝန်များကို ထိရောက်အောင် ဆောင်ရွက်နိုင်ရန်အတွက် ဆယ်စုမှူးနှင့် ကျေးရွာခွဲတာဝန်ခံများအား လိုအပ်ပါတယ်ရှင်။ ထို့အတွက်ကြောင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်အောင် ဆောင်ရွက်နိုင်ရန် ရပ်ကွက် သို့မဟုတ် ကျေးရွာခွဲများတွင် အုပ်ချုပ်ရေးမှူးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ဦးစီး၍ ဆန္ဒမဲဖြင့် ဆယ်စုမှူးများအား ရွေးချယ်ရာ၌ မဲအများဆုံး ရရှိသူအား ကျေးရွာခွဲ တာဝန်ခံအဖြစ် ခန့်အပ်တာဝန်ပေး၍ မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်ဟူသော ကျေးရွာခွဲတာဝန်ခံအား ရွေးချယ်ခန့်အပ်ခြင်းကို အထွေထွေအခန်း၌ ဖြည့်စွက်ပေးစေချင်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများရှင့်။ နိဂုံးချုပ်အနေဖြင့် နောက်ဆုံးတင်ပြဆွေးနွေးလိုသည်မှာ မူလဥပဒေ ပြဋ္ဌာန်းချက် အခန်း(၁၂) ပါ ချီးမြှင့်ထောက်ပံ့ငွေအခန်းတွင် အဂတိ ကင်းစင်သော အစိုးရ ဖြစ်ထွန်းစေရန် အောက်ခြေအဖွဲ့အစည်းသည်လည်း လွန်စွာအရေးကြီးပါတယ်ရှင်။ အုပ်ချုပ်ရေးမှူးသည် ပြည်သူများနှင့်နေ့စဉ် ထိတွေ့နေပြီး ဆိုးခြင်း၊ ကောင်းခြင်းသည်လည်း ပြည်သူများထံ တိုက်ရိုက် ထိတွေ့နေပါသည်။ ထို့အတွက်ကြောင့် အုပ်ချုပ်ရေးမှူးသည်နေ့စဉ်နှင့်အမျှ (၂၄)နာရီ ပတ်လုံး တာဝန်ထမ်းဆောင်နေရခြင်း၊ ရွေးကောက်ခံ အုပ်ချုပ်ရေးမှူးများဖြစ်ခြင်း၊ အဂတိကင်းစင်သော အုပ်ချုပ်ရေးမှူးများ ဖြစ်စေရန်အတွက် လုံလောက်သော လစဉ်ချီးမြှင့်ငွေများအား အုပ်ချုပ်ရေးမှူးနှင့်တကွ ကျေးရွာခွဲတာဝန်ခံများအား လိုအပ်သော နည်းဥပဒေ ပြဋ္ဌာန်း၍ ဆောင်ရွက်ပေးစေလိုပါကြောင်း အကြံပြု တိုက်တွန်းဆွေးနွေးအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၅။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာက အစိုးရအဖွဲ့မဟုတ်တဲ့ ပြည်တွင်းပြည်ပအဖွဲ့အစည်းဆိုင်ရာ ကော်မတီက တင်သွင်းတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ ထောက်ခံဖြည့်စွက် အကြံပြုဆွေးနွေးမှာ ဖြစ်ပါ တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား အချိန်မလုံလောက်ရင် (၂)မိနစ်ခန့် တိုးမြှင့်ပေးဖို့ ကြိုတင်တောင်းခံပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ လယ်သမားများကို အခြေခံတဲ့ ဆင်းရဲတဲ့နိုင်ငံ ဖြစ်ပါတယ်။ အဲဒီဆင်းရဲတဲ့နိုင်ငံဆိုတာ လယ်သမားတွေဟာ ကျန်းမာရေးဆင်းရဲ၊

အသိတရား ဆင်းရဲ၊ ပညာရေး ဆင်းရဲနဲ့ ဆင်းရဲပေါင်း မြောက်မြားစွာခံကြရတဲ့ ပြည်သူများ ဖြစ်ပါတယ်။ ဘာကို ရည်ရွယ်သလဲဆိုရင် အဲဒီပြည်သူများအပေါ်မှာ အခြေခံတဲ့ အုပ်ချုပ်ရေးဥပဒေကို ပြဋ္ဌာန်းမှာဖြစ်လို့ ကျွန်တော်တို့ဟာ လယ်သမားများရဲ့ ဆင်းရဲသားများရဲ့အပေါ်မှာ မူတည်ပြီး ဒီဥပဒေကို ကျွန်တော်တို့ တာဝန်ရှိကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကနေမှ သေချာဂနစ္စာနဲ့ ကျွန်တော်တို့ စဉ်းစားကြဖို့ လိုအပ်ပါမယ်။ အဲဒါဟာ အရေးကြီးတဲ့ အချက်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဥပဒေဆိုတာ တရားမျှတရမယ်၊ သာနာညီမျှမှု ရှိရမယ်၊ ကောင်းမြတ်တဲ့ စိတ် ရှိရမယ်လို့ မြန်မာနိုင်ငံ တရားဥပဒေ ပုဒ်မ ၁၃ -၃ မှာ Justice and Equity and Good-Conscience ဆိုပြီး ပြဋ္ဌာန်းထားတာ ရှိပါတယ်။ အဲဒီအခြေခံများနဲ့ ညီညွတ်တဲ့ဥပဒေကို ပြဋ္ဌာန်းတဲ့အပေါ်မှာ အဲဒီအပေါ်မှာ အခြေခံကျပြီးတော့ ကျွန်တော်တို့တစ်တွေက အခုပြဋ္ဌာန်းမယ့် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှုးဥပဒေအပေါ်မှာ ကျွန်တော်တို့ တာဝန်ကျေကြရအောင်။ ဒီဥပဒေဟာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုးဥပဒေ ဖြစ်ပါတယ်။ ရပ်ကွက်အတွက်မှာလည်းကောင်း၊ ကျေးရွာအတွက်မှာလည်းကောင်း အလွန်အရေးကြီးပါတယ်။ ယခု တတိယအကြိမ် ပြင်ဆင်ပြဋ္ဌာန်းမှာ ဖြစ်လို့ များစွာဂုဏ်ယူကြိုဆိုထောက်ခံပါတယ်။ ဘာကြောင့်လဲဆိုရင် ပြီးခဲ့တဲ့ ဥပဒေပုဒ်မ အချို့က ကျွန်တော် ပြောခဲ့တဲ့ အခြေခံကျတဲ့ ပြည်သူများရဲ့ သဟာဇာတမဖြစ်တဲ့ အုပ်ချုပ်လွှမ်းမိုးနေလို့ပါပဲ။ အဲဒါတွေကို ကျွန်တော်တို့တစ်တွေကနေမှ သေချာစဉ်းစား ချင့်ချိန်ပြီးတော့ တာဝန်ကျေကြရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေရဲ့ အစိတ်အပိုင်းဖြစ်တဲ့ အုပ်ချုပ်ရေးမှုးရွေးတဲ့ အရည်အချင်းနဲ့ပတ်သက်ပြီး ပညာ အရည်အချင်း အဲဒီမှာ စဉ်းစားဖို့ လိုအပ်ပါမယ်။ ကျွန်တော် မူလကတင်ပြခဲ့တဲ့ ကျွန်တော်တို့ နိုင်ငံဟာ လယ်သမားဆင်းရဲတဲ့ နိုင်ငံသားတွေ ဖြစ်တယ်။ တောင်တန်းဒေသတွေမှာ တိုင်းရင်းသား တွေဟာ ပညာမတတ်ကြဘူး။ စာမတတ်ကြတဲ့ဟာတွေ ခုချိန်ထိ ရှိကြတယ်။ ဒီအတိုင်းပဲ နိုင်ငံတော်မှာ ရှိတဲ့ အခြေခံကျတဲ့ ပြည်သူများဟာ စာမတတ်တဲ့ ပုဂ္ဂိုလ်တွေဟာ အများကြီးရှိပါတယ်။ အသိတရား ပေါ်မှာ အခြေခံပြီးတော့ ပြဋ္ဌာန်းရမယ့် ဥပဒေဖြစ်လို့ အဲဒီဥပဒေမှာ အသက်ကာလပိုင်းခြားခြင်း မရှိဘဲနဲ့ ဘာဖြည့်စွက်ရမှာတုန်းဆိုရင် ပညာရေး အခြေခံရှိ၍ ဆင်ခြင်နိုင်စွမ်းရှိသူ၊ ဦးဆောင် အကြီးအကဲ ပြုလုပ်နိုင်သူ၊ ရပ်ရွာပြည်သူလူထုက အမှန်တကယ် လိုလားကြည်ညို လေးစားသူလို့ လွှမ်းခြုံပြီး ပြဋ္ဌာန်းလိုက်မယ်ဆိုရင် လုံလောက်မယ်လို့ ပုဒ်မ ၅ (ဂ)မှာ လုံလောက်မယ်လို့ ကျွန်တော်က ယူဆပါ တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ပြဋ္ဌာန်းရမယ့်ဥပဒေဟာ တစ်နိုင်ငံလုံး အာဏာသက်ရောက် မှာဖြစ်လို့ပါပဲ။

ဆက်လက်ပြီးတော့ တင်ပြလိုတာက အုပ်ချုပ်သူအကြီးအကဲ ဆိုတာက တကယ်တမ်း ရွေးချယ်တဲ့နေရာမှာ ပြည်သူတွေက ကိုယ်တိုင်ကိုယ်ကျ ရွေးချယ်ကြရမှာ၊ အဲဒီ အခု ပြင်မယ့် ဥပဒေမှာ ဒီအတိုင်းပဲ ကျွန်တော်တို့ တွေ့ရပါတယ်။ အခန်း(၄) ပုဒ်မ ၇ မှာ အိမ်ထောင်စု တစ်ခုစီက အိမ်ထောင်ဦးစီး သို့မဟုတ် အသက် (၁၈)နှစ် ပြည့်ပြီးသူ အိမ်ထောင်စုဝင် တစ်ဦးဦးက လျှို့ဝှက်ဆန္ဒမဲ ပေး၍ ရွေးချယ်စေရမည်လို့ ပြင်ဆင်ထားလို့ပါပဲ။ အဲဒီမှာ ကျွန်တော်တို့ ထပ်မံပြီး ပြင်ဆင်ဖို့ ဆိုတာက

လျှို့ဝှက်ဆန္ဒမဲဆိုတဲ့ကိစ္စရပ်ကို သေချာဂဃနဏလေး အဓိပ္ပာယ်ရှိဖို့တော့ ဖြည့်စွက်ဖို့ လိုမယ်လို့ ယူဆပါတယ်။

ဆက်လက်ပြီး ပုဒ်မ ၃၃ ကို ပယ်ဖျက်တာဟာ ထောက်ခံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပုဒ်မ ၃၃ (က)မှာ ပြဋ္ဌာန်းထားတဲ့ ကျေးရွာခွဲ အုပ်ချုပ်ရေးမှူးအဖြစ် ပါဝင်လာလို့ပါပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်ဟာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ယောက် ဖြစ်တဲ့အတိုင်း အရာတော် မြို့နယ်၊ ဘုတလင်မြို့နယ်၊ ချောင်းဦးမြို့နယ်နဲ့ လေးမြို့နယ်တစ်ခုလုံးမှာ အားလုံး ကိုယ်စား ပြုရပါ တယ်။ နယ်တွေမှာ တွေ့တဲ့ဥစ္စာတွေက အုပ်စုတစ်ခုမှာ ဖွဲ့ထားပြီ။ ကျေးရွာအုပ်ချုပ်ရေး ဥပဒေအရ ဖွဲ့ထားပြီးပြီ။ ဖွဲ့တဲ့အခါမှာအခုချိန်မှာ အဲဒါတွေ ဖွဲ့ထားတာ မရှိတော့ဘူး။ အုပ်စုတစ်ခု မှာကိုက ရွာတွေက အများကြီးပဲ။ မူလက သုံးလေးရွာရှိတယ်၊ အခု ဆယ့်လေးငါးရွာ ဖြစ်နေကြပြီ။ ရွာခွဲတွေ များလာပြီ။ အဲဒီတော့ အုပ်ချုပ်ရေးမှူး ရွေးတဲ့အခါကျလို့ရှိရင် ငါတို့ကတော့ မပါရဘူး။ ငါတို့ကတော့ မရွေးရဘူးလို့ ပြည်သူများက ပြောနေကြတာ။ အဲဒီတော့ အုပ်စုက ရွာကနေမှ အုပ်ချုပ်ရေးမှူး တာဝန်ကို ယူရတာများသည့်အတွက် ပုဒ်မ ၃၃ (က) ဖြည့်စွက်တာကို ကျွန်တော် အပြည့်အဝ ထောက်ခံပါတယ်။ ပုဒ်မ ၇ (က)မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်းရှိ အိမ်ခြေစာရင်းကို တစ်ဆက်တစ်စပ်တည်း အစဉ်လိုက် ရယူ၍ သတ်မှတ်ထားသော နည်းလမ်းများနှင့် အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် အဲဒီမှာ တော်တော်များများ အဓိပ္ပာယ်ကျယ်ပြန့်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် ကျွန်တော် တင်ပြခဲ့တဲ့ အုပ်စုထဲမှာပါတဲ့ ကျေးရွာအလိုက် ဆယ်အိမ်စု အဖွဲ့များ ဖွဲ့ရမယ်။ ဆယ်အိမ်စု၊ ဆယ်အိမ်စု၊ ဆယ်အိမ်စု ဖွဲ့ပြီးတဲ့အခါမှာ အုပ်စုတစ်ခု အတွင်းမှာ အုပ်ချုပ်ရေးမှူးတစ်ယောက် ရွေးမယ်။ ပြီးမှ ဒုတိယအများဆုံးဖြစ်တဲ့ ၃၃(က)မှာ ပြဋ္ဌာန်းဖို့ ပြင်ဆင် ထားတဲ့ပုဒ်မမှာ ကျေးရွာခွဲ အုပ်ချုပ်ရေးမှူးကို ရွေးမယ်ဆိုတဲ့ အဓိပ္ပာယ်ဟာ အားလုံး ဒီဥပဒေနဲ့ ပတ်သက်ပြီး ပြည့်စုံလုံလောက်မှု ရှိတယ်လို့ ကျွန်တော် မြင်ပါတယ်။

ဆက်လက်ပြီး တင်ပြလိုတာက အခန်း(၉)၊ ပုဒ်မ ၁၈ နဲ့ အခန်း(၇)၊ ပုဒ်မ ၁၃(ဈ)မှာ မူလ ပြဋ္ဌာန်းချက်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများသည် အသံချဲ့စက်ဖွင့်လို ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ ခွင့်ပြုချက်ရယူ၍ ရယူ ရမည့်အပြင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းချက်များနဲ့ လိုက်နာရမည်လို့ ပြဋ္ဌာန်းထားပါ တယ်။ အဲဒီမှာ ကျေးရွာအုပ်ချုပ်ရေးမှူးဆီက အသံချဲ့စက်ဖွင့်ဖို့ ခွင့်ပြုမိန့်ရယူ၍ဆိုတဲ့အချက်ကို ဖြည့်စွက်ပြင်ဆင်ဖို့လိုအပ်ပါတယ်။ လက်တွေ့အားဖြင့်တော့ အသံချဲ့စက်ဖွင့်ခွင့်မပေးဘူး။ ဖွင့်ခွင့်ပေး တဲ့အနက် ကျေးရွာတိုင်း အတော်တော်များများမှာ ပြဿနာတွေ ကြုံခဲ့ဘူးပါတယ်။ အဲဒါကြောင့်မို့ ခွင့်ပြုမိန့် ပေးစရာမလိုပါဘူး။ အချုပ်အချယ်ထားစရာမလိုပါဘူး။ အဲဒီနေရာမှာ ကျွန်တော်တို့ ဘာတွေ့ရမှာ တုန်းဆိုတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ စာဖြင့်ရေးသား၍ အကြောင်းကြားရမည့်အပြင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနဲ့လိုက်နာရမည်လို့ ပြင်ဆင်ပြဋ္ဌာန်း ထားပါတယ်။ ခေတ်စက်ဖွင့်တဲ့ ပုဂ္ဂိုလ်ကလည်းပဲ သူ့ဟာသူ ခွင့်ပြုချက်မရလို့ စာဖြင့်တင်ထားလို့ သူသတ်မှတ်ထားတဲ့ စည်းကမ်းနဲ့ မညီညွတ်ဘူးဆိုရင် အရေးယူခွင့်ရတာပါပဲ။ အဲဒီတော့ အုပ်ချုပ်ရေးမှူးခွင့်ပြုမှ ဖွင့်ရတယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးမဖြစ်အောင်၊ ကျယ်ပြန့်အောင် စာဖြင့်

ရေးသား၍ အကြောင်းကြားရမည့်အပြင်လို့ ပြဋ္ဌာန်းပြီးတော့ ထည့်သွင်းပြဋ္ဌာန်းဖို့ လိုအပ်ပါမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

ဆက်လက်ပြီး တင်ပြလိုတာက အခန်း(၇)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဏ)မှာ လမ်းများ အများပြည်သူဆိုင်ရာ နေရာများတွင်လို့ အဲဒီမှာ ပြဋ္ဌာန်းထားပါတယ်။ လက်တွေ့ကျေးရွာတွေမှာ၊ ရပ်ကွက်တွေမှာ မြို့ပေါ်ရော၊ တောမှာရော မိမိအိမ်က ကျဆင်းတဲ့ရေများ၊ စီးဆင်းတဲ့ရေများ လမ်းပေါ်မှာ အကုန်လုံး ဗွက်ထနေပါတယ်။ အဲဒါက ရွာတိုင်း၊ ကျေးရွာတိုင်းမှာ၊ ရပ်ကွက်တိုင်းမှာ တော်တော်များများရှိပါတယ်။ စည်ပင်သာယာနဲ့ဆိုင်တယ်လို့ ပြောပေမယ်လို့ အနီးကပ်အားဖြင့် အုပ်ချုပ်ရေးမှူးက အနီးဆုံးပဲ။ သူဟာ စီမံခန့်ခွဲခွင့်ရှိတဲ့ ပုဂ္ဂိုလ်ပဲ။ သူ့မှာ အဲဒီ ရေများကျနေတဲ့ ဥစ္စာကို အဲဒီအိမ်ကို သွားရောက်တားမြစ်တာ၊ သွားရောက်ဆောင်ရွက်တာဟာ အဓိပ္ပာယ်ရှိပါတယ်။ အဲဒီတော့ အဲဒီ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဏ)မှာ လမ်းများ အများပြည်သူဆိုင်ရာနေရာများတွင်ဆိုတဲ့ ပုဒ်မထဲမှာ တကယ်တမ်း နေ့စဉ်သုံးရေများ စီးဆင်းခြင်းမရှိစေဖို့ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးက ချက်ချင်းတားမြစ်နိုင်တဲ့ အခွင့် အာဏာရှိတဲ့ ပြဋ္ဌာန်းချက်မျိုးထည့်သွင်းဖို့ ကျွန်တော် အကြံပြုလိုပါတယ်။

ဆက်လက်ပြီးတော့ အားလုံးသော ပုဂ္ဂိုလ်များ ကျွန်တော် လေးစားပါတယ်။ ဆက်လက်ပြီးတော့ ဘာကို တင်ပြမလဲဆိုရင်၊ ရပ်မိရပ်ဖရွေးတယ် ဟောဒီဥပဒေမှာ။ ရပ်မိရပ်ဖ(၅)ဦးရွေးတယ်။ ဆယ်အိမ်စုရွေးတယ်။ အုပ်ချုပ်ရေးမှူးရွေးတယ်။ ရွေးချယ်မှု(၃)ခုရှိတယ်။ လက်တွေ့ဖြစ်နေတာက တကယ်တမ်းပြည်သူတွေက ငါတို့မသိလိုက်ပါဘူး။ ဘယ်သူတွေရွေးသွားလဲ မသိလိုက်ပါဘူး။ အရင်လူ တွေပါပဲလို့ ပြောနေကြတယ်။ အဲဒီလို မဖြစ်အောင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ရပ်မိရပ်ဖ ရွေးဖို့ မတိုင်မီ (၁၀)ရက်အလိုမှာ၊ ဆယ်အိမ်စုရွေးဖို့ (၁၀)ရက်အလိုမှာ၊ အုပ်ချုပ်ရေးမှူးရွေး ဖို့ (၁၀)ရက် အလိုမှာ ရပ်ကွက်အတွင်းမှာ အိမ်တိုင်းအိမ်တိုင်း ဖိတ်စာတွေပို့ရပါမယ်။ တစ်ရပ်ကွက်လုံးကြားအောင်၊ ကျေးရွာတစ်ရွာလုံးကြားအောင် အသံချဲ့စက်နဲ့အော်ပါမယ်။ ဒါတွင်မကဘူး။ လမ်းဆုံလမ်းခွမှာ ကြော်ငြာဆိုင်းဘုတ်ထောင်ပါမယ်။ အဲဒါဆိုရင် ပြည်သူများက မသိမရှိဘူး။ ပြည်သူများနိုးကြား လာမယ်။ ပါဝင်လာမယ်လို့ယုံကြည်သည့်အတွက် အဲဒီပုဒ်မမှာ အဲဒီအတိုင်းပဲ အားလုံး ဆယ်အိမ်စု မရွေးခင်၊ ရပ်မိရပ်ဖမရွေးခင်၊ အုပ်ချုပ်ရေးမှူးမရွေးခင်မှာကိုပဲ (၁၀)ရက် အလိုမှာ အဲဒီအတိုင်း ဆောင်ရွက်ပေးရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်မျိုးထည့်သွင်းသင့်ပါကြောင်း ကျွန်တော် အကြံပြုလိုပါတယ်။

နောက်တစ်ခုက အုပ်ချုပ်ရေးမှူးရွေးတဲ့အခါမှာ လစာခံစားခွင့်များနဲ့ ပတ်သက်ပြီး ကျေးရွာခွဲ အုပ်ချုပ်ရေးမှူး ဒီမှာ ပုဒ်မ ၃၃(က)မှာတွေ့ရပါတယ်။ အုပ်ချုပ်ရေးမှူးကတော့ လစာရပြီးတော့ ကျေးရွာခွဲအုပ်ချုပ်ရေးမှူးက လစာမရပါဘူး။ အဲဒါလည်းပဲ ထည့်သွင်းပြဋ္ဌာန်းဖို့ အကြံပြုပါတယ်။ အဲဒီတော့ ဆက်လက်ပြီး ကျွန်တော် တင်ပြလိုတာက ပြီးခဲ့တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ် တင်ပြထားတဲ့ အချက်ထဲက အမျိုးသမီးများ တန်းတူအခွင့်အရေးအရဆိုတဲ့အချက် အဲဒါလည်း မှန်ပါတယ်။ ထောက်ခံတင်ပြပါတယ်။ အဲဒီဥပဒေမှာ အမျိုးသမီးများ ဒါတိုက်ရိုက်ပတ်သက်ပါဝင် စကားလုံးများနဲ့ ဖြည့်စွက်ပြင်ဆင် သတ်မှတ်ပေးဖို့ ကျွန်တော် အကြံပြုပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဒွေးဦး တင်ပြခဲ့တဲ့ ပုံစံ ၆၆/၆ အဲဒါ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေဆိုတဲ့အချက်ကိုလည်းပဲ ပုဒ်မ ၂(ည)မှာ ဖြည့်သွင်းပေးဖို့ ထောက်ခံတင်ပြအပ်ပါတယ်။ ဒါ့အပြင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်သီရိရတနာ တင်ပြခဲ့တဲ့ အသက်(၂၅)နှစ်နဲ့ ပတ်သက်ပြီး ဒါလည်းပဲ ကျွန်တော်တို့ ခြွင်းချက်တစ်ခုအဖြစ် သတ်မှတ် လိုတာက ဥပဒေကသတ်မှတ်ထားတာက (၁၈)နှစ်ပြည့်ရင် အရွယ်ရောက်တာပဲ။ အဲဒီတော့ လူငယ်များ ဦးဆောင်ပါစေ၊ အခြေခံကအစ၊ ကျေးရွာကအစ ဦးဆောင်ပါစေ။ အသက်နှစ် (၁၈)နှစ် ဆိုတဲ့ ကိစ္စမျိုးကို တင်ပြချက်ကို ဖြည့်စွက်ချက်ကို ကျွန်တော် ထောက်ခံတင်ပြ ဆွေးနွေးပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခု ဆွေးနွေးကြတဲ့ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၁၇၊ ပုဒ်မ ၂၇ နဲ့ ပုဒ်မ ၃၃ တို့ကို မူလအတိုင်း ထားရှိသင့်ပါကြောင်းဆိုတဲ့ တစ်ဖက်က တင်ပြခဲ့တဲ့အပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့ ဥပဒေအမြင် ပြန်လည်ဆွေးနွေးရမယ်ဆိုရင် ကျွန်တော့် သဘောအရတော့ အဲဒီ ပုဒ်မများကို ဖျက်သိမ်းတာကို ကျွန်တော်တို့ အရာအားလုံး ကျွန်တော်တို့ အားလုံးထောက်ခံဆွေးနွေးပါတယ်။ ဘာလို့တုန်းဆိုတော့ ဥပဒေဟာ ပြည်သူများအပေါ်မှာ ဖိနှိပ်ဖို့မရှိရပါဘူး။ မတူညီတဲ့ ဆန္ဒသဘောထားများကို တူညီတဲ့ တူရူတစ်ခုအဖြစ် ရှေးရှုချင်ပါတယ်။ လွတ်လပ်ခြင်းကို ရရပါမယ်။ ကာကွယ်ခြင်းကို ရရပါမယ်။ တရားမျှတရမယ်။ ထိန်းကျောင်းခြင်းကို အဓိပ္ပာယ်ရှိရပါမယ်။ ပြည်သူတွေရဲ့ အခွင့်အရေးကို ဦးစားပေးရပါမယ်။ ဥပဒေဟာ ပြည်သူတွေရဲ့အပေါ်မှာ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပင်မဥပဒေဖြစ်တဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)မှာ နိုင်ငံတော် ဆိုတဲ့ကဏ္ဍမှာ အခြေခံမူရဲ့ ပုဒ်မ ၁ မှာ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့နိုင်ငံ ဖြစ်သည်လို့ တစ်နိုင်ငံလုံးရဲ့ သူ့ဟာသူပေးထားတဲ့အာဏာ အခွင့်အာဏာ လွတ်လပ်ခွင့်တွေ ရှိပါတယ်။ ပုဒ်မ ၄ မှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံး၌ တည်သည်လို့ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံသားများရဲ့ အခွင့်အာဏာ အဲဒီလောက်ထိရှိပါတယ်။

တစ်ခါ ပုဒ်မ ၆(င)မှာ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးလို့ ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် အခန်း(၈)၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနဲ့ တာဝန်မှာ ပုဒ်မ ၃၄၅ မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူနိုင်ငံသားများဖြစ်ကြပါတယ်လို့ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် ပုဒ်မ ၃၄၇ မှာ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှမှု အခွင့်အရေးရရှိစေရမည်။ ဥပဒေအကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရပိုင်ခွင့် ရှိရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီလို ပင်မ Mother Law က နိုင်ငံသားများကို တစ်ပြေးညီ ပေးအပ်ထားတဲ့ တန်းတူအခွင့်အရေးများကို နိုင်ငံသားများ ရသင့်ပါတယ်။ ဒီအုပ်ချုပ်ရေးဥပဒေဟာ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဆ)ရဲ့ အဓိက မူလပြဋ္ဌာန်းချက်က အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ညဥ့်အိပ်ညဥ့်နေ လာရောက်တည်းခိုသော ဧည့်သည်များအတွက် ဧည့်စာရင်းတိုင်ကြားခြင်းကို လက်ခံခြင်း၊ ခွင့်ပြုခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ ဧည့်စာရင်းတိုင်ကြားရန်ပျက်ကွက်ခြင်း၊ အရေးယူခြင်းလို့ ပြဋ္ဌာန်းထားပါတယ်။

အဲဒီတော့ ပုဒ်မ ၁၇ မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်းနေထိုင်သူသည် အောက်ပါကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်ပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးထံ သတ်မှတ်ချက်များနဲ့အညီ တိုင်ကြားရမည်။ (က) အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုခုတွင် နေထိုင်ပြီး မိမိအိမ်ထောင်စု စာရင်းဝင်မဟုတ်သူက ညဥ့်အိပ်ညဥ့်နေဧည့်သည်အဖြစ် လာရောက်တည်းခိုခြင်း။ (ခ) မိမိထံလာ ရောက်တည်းခိုသော ဧည့်သည် ပြန်လည်ထွက်ခွာသွားခြင်းတို့ ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် အဲဒီမှာ ဧည့်သည်နဲ့ အိမ်ရှင်အပေါ်မှာ ဥပဒေက လွှမ်းမိုးသွားပါပြီ။ Mother Law က ပေးထားတဲ့ အခွင့်အရေးများကို ယခု ဥပဒေအပိုင်းအစက ထိပါးသွားပါပြီ။ ပိတ်ပင်တားဆီးသွားပါပြီ။ ဒါဟာ ဖြစ်သင့်တဲ့ ကိစ္စမဟုတ်ပါဘူး။ အိမ်ရှင်သည် နိုင်ငံသားဖြစ်သလို ဧည့်သည်ကလည်းပဲ နိုင်ငံသားပါပဲ။ နိုင်ငံသားချင်းအတူတူ အိမ်ရှင်နဲ့ဧည့်သည်လို့ ပိုင်းခြားပြီး ဥပဒေပြဋ္ဌာန်းတားမြစ်တာဟာ ဥပဒေဆိုတဲ့ ကျွန်တော်ပြောခဲ့တဲ့ အထက်အချက်များနဲ့ မကိုက်ညီပါဘူး။ အဲဒီလို မညီညွတ်ရင် အဲဒီဥပဒေဟာ မဟုတ်ပါဘူး။ ဘာဖြစ်မတုန်းဆိုရင် အဲဒီဥပဒေဟာ ထိုးနှက်တဲ့လက်နက်ကိရိယာလို ဖြစ်နေပါတော့မယ်။ ဘာလို့လဲဆိုရင် အခု အုပ်ချုပ်ရေးဥပဒေမှာ ပြင်ဆင်ချက်အပိုင်းဖြစ်တဲ့ ပုဒ်မ ၁၃(ပ)မှာ တရားဥပဒေစိုးမိုးရေးနဲ့ စည်းကမ်းထိန်းသိမ်းရေးအတွက် စစ်ဆေးရန် လိုအပ်သောနေရာများကို ခိုင်လုံသော အကြောင်းပြချက်ဖြင့် စစ်ဆေးခြင်းလို့ ထည့်သွင်းပြင်ဆင်ပြဋ္ဌာန်းထားပါတယ်။ အဲဒါ လုံလောက်မှုရှိပါတယ်။ ဒီအပိုင်းမှာ အထက်က ကျွန်တော် ပြောခဲ့တဲ့ ဧည့်သည်ဆိုတာ နိုင်ငံသားဖြစ်ခဲ့လျှင်-----

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။ ကျွန်တော် (၅)မိနစ် ပိုပေးထားတာ လွန်နေပါပြီ။

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။အဲဒီတော့ ကျွန်တော်က ရှေ့နေတစ်ဦးဖြစ်ပါတယ်။ ရှေ့နေတစ်ဦး ဖြစ်သည့်အတွက် ကျွန်တော့်ရဲ့ အတွေ့အကြုံအရ အဲဒီတော့ အရင်က ပြောခဲ့တဲ့ အုပ်ချုပ်ရေးမှူးဥပဒေသည် နိုင်ငံတော်အတွက် အဓိကစည်းရိုး မဟုတ်ပါဘူး။ တကယ်တမ်းကျတော့ တကယ်တမ်းဖြစ်ရမှာက ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉ အဲဒီအချက်များအားလုံး-------

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။ နိဂုံးချုပ်ပါ။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၁။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။ အခုကိုယ်စားလှယ်ကြီးတွေ ဆွေးနွေးနေကြတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေဟာ မြို့ပေါ်ရပ်ကွက်ကနေပြီးတော့ ကျေးလက်တောရွာအထိ ပြည်သူလူထုကြားမှာ

နိစ္စဓူဝ ကြုံတွေ့နေရမယ့်၊ ထိတွေ့နေရမယ့် ဥပဒေဖြစ်ပါတယ်။ ပြည်သူ လူထုကလည်း စိတ်ဝင်တစား လေ့လာနားထောင်နေကြတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ကျွန်တော်တို့ လွှတ်တော်ကြီးကနေ ဥပဒေတွေကို ပြုစုနေကြတယ်။ ပြင်ဆင်နေကြတယ်။ ဒီပြင်ဆင်လိုက်တဲ့ ဥပဒေတွေ ဟာ ခေတ်စနစ်နဲ့ လျော်ညီတဲ့ ဥပဒေတွေဖြစ်ဖို့၊ ပြည်သူလူထုက လေးစားလိုက်နာတဲ့ ဥပဒေတွေဖြစ်ဖို့ အရေးကြီးပါတယ်။ ဒါမှပဲ ဒီဥပဒေတွေဟာ သက်ရောက်မှုရှိမှာ ဖြစ်ပါတယ်။ ဥပဒေတစ်ခု ပြင်ဆင်ပြီးရင် အနည်းဆုံး လွှတ်တော်သက်တမ်း (၃)ဆက်လောက်တော့ ခံစေချင်ပါတယ်။ အစိုးရအဆက်ဆက် ဘယ်လိုပဲ ပြောင်းလဲသွားပါစေ၊ ပြည်သူတွေလိုလားတဲ့ ခေတ်စနစ်နဲ့ လျော်ညီတဲ့ မှတ်ကျောက်တင်ခံနိုင်တဲ့ ဥပဒေဖြစ်စေလိုပါတယ်။ သင့်တော်ခြင်း၊ ကောင်းမွန်ခြင်း၊ လက်တွေ့ကျခြင်းဆိုတဲ့ နှုန်းစံတွေနဲ့ ပြည့်မီစေချင်ပါတယ်။ ပြည်သူ့ဘဝကို ဗဟိုပြု စဉ်းစားပေးကြပါလို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့တင်သွင်းအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဆုံး ဆွေးနွေးလိုတာကတော့ ပုဒ်မ ၅(ဂ)ကို ဆွေးနွေးချင်ပါတယ်။ မူလဥပဒေမှာ သင့်တင့်သော ပညာအရည်အချင်းရှိသူဖြစ်ခြင်းလို့ ပြဋ္ဌာန်းထားပါတယ်။ အဆိုပြုပြဋ္ဌာန်းချက်မှာတော့ အနိမ့်ဆုံး အခြေခံပညာအလယ်တန်းအဆင့် ပညာအရည်အချင်းရှိသူဖြစ်ခြင်းဟု ပြင်ဆင်ထားပါတယ်။ ဒီအပေါ်မှာ ဥပဒေကြမ်းကော်မတီ၏ သုံးသပ်ချက်ကတော့ အခြေခံပညာမူလတန်းအဆင့်နှင့် ညီမျှသော ပညာအရည်အချင်းအောင်မြင်ပြီးသူဖြစ်ခြင်းလို့ ဆိုထားပါတယ်။ ကျွန်တော့်အနေနဲ့ ပုဒ်မ ၅(ဂ)ကို ပြင်ဆင်လိုတာကတော့ အနိမ့်ဆုံး အခြေခံပညာမူလတန်းအဆင့် သင်ယူပြီးမြောက်သူဖြစ်ခြင်းဟု ပြင်ဆင်လိုပါတယ်။ မူလဥပဒေမှာ သင့်တင့်သော ပညာအရည်အချင်းရှိသူဖြစ်ခြင်းဆိုသည်မှာ တိကျသေချာတဲ့ သတ်မှတ်ချက်မဟုတ်ပါဘူး။

ကျေးလက်ဒေသအများစုဟာ ပညာရေးအခြေခံနိမ့်ပါးကြပါတယ်။ ရွာကျောင်းမှာ မူလတန်းပညာသင်ယူပြီးမြောက်ပြီးတော့ အလယ်တန်းပညာသင်ယူနိုင်တဲ့ ဉာဏ်ရည်၊ ဉာဏ်သွေးတွေရှိပါလျက်နဲ့ ခရီးလမ်းပန်း၊ ငွေကြေးစတဲ့ လက်လှမ်းတမီမသင်ယူနိုင်ခဲ့ရတဲ့ ဖြစ်ရပ်တွေ၊ သာဓကတွေဟာ ကျေးလက်တောရွာတွေမှာ များစွာရှိပါတယ်။ ရှိလည်းရှိခဲ့ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ဘဝဖြတ်သန်းမှုတွေ၊ အတွေ့အကြုံတွေဟာ မသေးကြပါဘူး။ အချို့ မူလတန်းပညာ အရည်အချင်းလောက်သာရှိပေမယ့် ကျေးရွာတစ်ရွာကို ဖွံ့ဖြိုးအောင်၊ တိုးတက်အောင် စွမ်းဆောင်နိုင်ခဲ့တဲ့ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်တွေများစွာ ရှိပါတယ်။ အဲဒီ ပုဂ္ဂိုလ်တွေအတွက် ရပ်ကျိုးရွာကျိုး ထမ်းရွက်လိုတဲ့ စိတ်ဆန္ဒတွေကို ဒီ ပုဒ်မကြောင့် အတားအဆီး မဖြစ်စေလိုပါဘူး။ ဒါကြောင့် ပုဒ်မ ၅(ဂ)ကို အနိမ့်ဆုံး အခြေခံပညာမူလတန်းအဆင့် သင်ယူပြီးမြောက်သူဖြစ်ခြင်းဟု ပြင်ဆင်လိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

နောက် ပုဒ်မ တစ်ခုကတော့ ပုဒ်မ ၅(ဂ)နဲ့ ပတ်သက်ပြီးတော့ ပုဒ်မ ၅(ဂ)မှာတော့ အဆိုပြုပြဋ္ဌာန်းချက်ဖြစ်တဲ့ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး (၅)နှစ် နေထိုင်လျက်ရှိသူဖြစ်ပြီး လက်ရှိတာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ်

ကျေးရွာအုပ်စုတွင် အမှန်တကယ် နေထိုင်မည့်သူ ဖြစ်ခြင်းဟု အတည်ပြု ပြင်ဆင်သင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။

နောက် ပုဒ်မတစ်ခုကတော့ ပုဒ်မ ၇ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးတင်ပြလိုတာက ဥက္ကဋ္ဌကြီးခင်ဗျား။ မူလဥပဒေရဲ့ ပုဒ်မ ၇(က)(ခ)(ဂ)(ဃ)တို့ကို ပယ်ဖျက်ပြီးတော့ ပြင်ဆင်လိုပါတယ်။ ဒီ ပြင်ဆင်လိုတဲ့ အချက်အနေနဲ့ ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၇(က) သတ်မှတ်အရည်အချင်းများကို စိစစ်၍ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအလိုက် ကိုယ်စားလှယ်လောင်းများ ရွေးချယ်ခြင်း၊ ရပ်ကွက်အတွင်းဖြစ်ပါက တစ်ဆက်တစ်စပ်တည်း ရာအိမ်စုများမှ ကိုယ်စားလှယ်လောင်းများ ရွေးချယ်ခြင်းကို ကြီးကြပ်ရမည်။

ပုဒ်မ ၇(ခ) ထို ကိုယ်စားလှယ်လောင်းများထဲမှ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူး ရွေးချယ်ခံမည့်စာရင်းကို ပြုစု၍ ကိုယ်စားလှယ်လောင်းများ၏ ကိုယ်ရေးအကျဉ်းနှင့်အတူ (၁၅)ရက် ကြိုတင်၍ ရပ်ကွက်၊ ကျေးရွာအတွင်း အများပြည်သူသိရှိအောင် ကြေညာထားရမည်။

ပုဒ်မ ၇(ဂ) ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်မည့်နေ့တွင် အိမ်ထောင်စုတစ်စုစီမှ အိမ်ထောင်ဦးစီး သို့မဟုတ် အသက်(၁၈)နှစ်ပြည့်ပြီးသူ အိမ်ထောင်စုဝင်တစ်ဦးက ကိုယ်စားလှယ်လောင်းများထဲမှ မိမိတို့ နှစ်သက်ရာ ပုဂ္ဂိုလ်ကို လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်နိုင်သည်လို့ ပြင်ဆင်ပြဋ္ဌာန်းစေလိုပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ အဆိုပြုပြဋ္ဌာန်းချက်နဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်တွေမှာ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး ဆွေးနွေးလိုတာက ပုဒ်မ ၉(က)(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်ဆိုတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံပါတယ်။ အဲဒီမှာ ပုဒ်မ ၉(က)မှာ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။ ယင်း၏ သက်တမ်းသည် တစ်ဆက်တည်း (၂)ကြိမ်ထက် မပိုစေရ။ သို့ရာတွင် အုပ်ချုပ်ရေးမှူးသက်တမ်း၏ ထက်ဝက်ထက်မပိုသော ကြားဖြတ်တာဝန်ယူသည့် ကာလကို ရာထူးသက်တမ်းတစ်ခုဟု မသတ်မှတ်ရ။

နောက် ပုဒ်မ ၉(ခ)မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် နိုင်ငံတော်သမ္မတ၏ သက်တမ်းသစ်ကာလတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအသစ်ရွေးချယ်ခန့်အပ် တာဝန်ပေးပြီးသည့် အချိန်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လုပ်ငန်းတာဝန်များကို စနစ်တကျလွှဲပြောင်းပေးရမည်လို့ ပြင်ဆင်ထားပါတယ်။ ဒီ ပြင်ဆင်ချက်ကို ထောက်ခံပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ပုဒ်မ ၁၂(ဆ)နဲ့ ပတ်သက်ပြီးတော့ပါ။ ပုဒ်မ ၁၂(ဆ)မှာ ကျွန်တော်တို့ အဆိုပြုပြဋ္ဌာန်းချက်နဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်တွေမှာ အားလုံးတူညီပါတယ်။ အကြံဉာဏ်ရယူခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းလို့ အဆိုပြုပြဋ္ဌာန်းချက်မှာ ပါပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာ အကြံဉာဏ်ရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဆိုတဲ့ "နှင့်"တစ်လုံးလေးပဲ တိုးလာပါတယ်။ အဲဒီမှာ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံပါတယ်။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဆ)မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်

သက်ဆိုင်ရာ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံဉာဏ်ရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းလို့ ပြင်ဆင်ချက်ကို ထောက်ခံဆွေးနွေးလိုပါတယ်။

နောက်ဆုံးတစ်ခုကတော့ ပုဒ်မ ၁၃ ရဲ့ (ပ)ဖြစ်ပါတယ်။ ပုဒ်မ ၁၃ ရဲ့ (ပ)မှာလည်း အဆိုပြုပြဋ္ဌာန်းချက်ဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးနဲ့ စည်းကမ်းထိန်းသိမ်းရေးအတွက် စစ်ဆေးရန် လိုအပ်သောနေရာများကို ခိုင်လုံသော အကြောင်းပြချက်ဖြင့် စစ်ဆေးခြင်းဆိုတဲ့ ဒီအချက်တစ်ခုဟာ အရေးကြီးပါတယ်။ ဒါကြောင့် ဒါနဲ့ပတ်သက်ပြီးတော့လည်း အဆိုပြုပြဋ္ဌာန်းချက် ဒီ ပုဒ်မ ၁၃(ပ)ကို ထောက်ခံဆွေးနွေးကြောင်း တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ ၁၁း၃၀ မိနစ်မှာ ပြန်လည်စတင်ပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) (အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)က ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း**

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေး ပြန်လည်စတင်ပါမယ်။ အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၆ခုနှစ်၊ မေလ(၄) ရက်နေ့တွင် ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့တွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်ကြည်ညွန့် က ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခဲ့ရာ ယင်းနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာခဲ့ပါတယ်။

၂၀၁၆ ခုနှစ်၊ မေလ (၆) ရက်နေ့တွင် ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်းနှင့် ယင်းဥပဒေကြမ်းအပေါ် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပါတယ်။

သို့ရာတွင် ဦးအောင်ကြည်ညွန့်က အဆိုတင်သွင်းခဲ့ပြီးသော ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန် ဥက္ကဋ္ဌထံသို့ ၁၈-၅-၂၀၁၆ ရက်စွဲပါ စာဖြင့် တင်ပြလာပါတယ်။

လွှတ်တော်တွင် အဆိုတင်သွင်းပြီးဖြစ်သည့် ဥပဒေကြမ်းကို ပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန် တင်ပြလာခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ဦးအောင်ကြည်ညွန့်က ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့ရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အဆိုတင်သွင်းခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန် အမျိုးသားလွှတ်တော်သို့ တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၁။**

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ ကျွန်တော်ဒီကနေ ပြန်လည်တင်ပြမှာကတော့ ပြီးခဲ့တဲ့မေလ(၄)ရက်နေ့တုန်းက ကျွန်တော်ကိုယ်တိုင် တင်သွင်းခဲ့တဲ့

ပြည်သူ့ကောင်စီအဆင့်ဆင့်နဲ့ အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များ ဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းကို ကျွန်တော်အဆိုတင်သွင်းခဲ့တာ ဖြစ်ပါတယ်။

အဲဒီဥပဒေကို အခုတစ်ခါမှာ တင်ပြထားခြင်းကနေပြီးတော့ ပြန်လည်ရုပ်သိမ်းဖို့ ပြန်လည် တင်ပြဖို့အကြောင်း ပေါ်ပေါက်လာပါတယ်။ အဲဒါကဘာလဲဆိုတော့ ဒီဥပဒေနဲ့ပတ်သက်လို့ ညီနောင်ဥပဒေတွေ ရှိပါတယ်။ အဲဒါက ပြည်သူ့ကောင်စီဥပဒေ၊ နိုင်ငံတော်ကောင်စီဥပဒေနဲ့ အခုကျွန်တော် တင်သွင်းခဲ့တဲ့ ပြည်သူ့ကောင်စီအဆင့်ဆင့်နဲ့ အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များဥပဒေလို့ ဆက်စပ်နေတဲ့ ညီနောင်ဥပဒေ (၃)ခုရှိတဲ့အနက်က မေလ(၂)ရက် နေ့မှာ ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းတဲ့ဥပဒေ၊ မေလ(၃)ရက်နေ့မှာ နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းတဲ့ဥပဒေ၊ နောက် မေလ(၄)ရက်နေ့ မှာကတော့ ကျွန်တော်တို့ကောင်စီအဆင့်ဆင့်ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်ဥပဒေကို ၂၈-၄-၂၀၁၆ နေ့စွဲမှာ ကျင်းပခဲ့တဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ဆုံးဖြတ်ချက်အရ ကျွန်တော်တင်သွင်းခဲ့တာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဆွေးနွေးတဲ့သူတွေ မရှိတော့ သာမန်အားဖြင့်ဆိုရင် ဒီဥပဒေကို အတည်ပြုဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီကြားထဲမှာ လွှတ်တော်ထဲမှာ ဝင်ရောက်ဆွေးနွေးတဲ့ပုဂ္ဂိုလ်တွေ မရှိသော်လည်းဘဲ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီကို ပြင်ပဥပဒေပညာရှင်များကလည်းပဲ အကြံပြုချက်တွေ ရောက်ရှိလာပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ဥပဒေနဲ့ အထူးကိစ္စရပ်များဆိုင်ရာ ပြည်ထောင်စုကော်မရှင် အဖွဲ့ရဲ့ ဥပဒေပညာရှင်များနဲ့လည်းပဲ ကျွန်တော်တို့ ပြန်ပြီးတော့ ဥပဒေကြမ်းက ဆွေးနွေး ညှိနှိုင်းမှု ပြန်ပြီး လုပ်ခဲ့ပါတယ်။ လုပ်တဲ့အခါမှာ ထူးခြားချက်က ဘာသွားတွေ့ရသလဲဆိုတော့ အခု ကျွန်တော်တို့ ပြည်သူ့ကောင်စီအဆင့်ဆင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့မှာ တာဝန်တွေနဲ့ လုပ်ပိုင်ခွင့် တွေကို လက်ရှိအားဖြင့်ဆိုရင် ၁၉၉၇ ခုနှစ်၊ စကားရပ်များ အစားထိုးခြင်း ဥပဒေပြင်ဆင်ချက်အရ အရင်တုန်းက ပြည်သူ့ကောင်စီအဆင့်ဆင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့က လုပ်ရမယ့် တာဝန်နဲ့ဝတ္တရားတွေကို ၁၉၉၇ ခုနှစ်၊ စကားရပ်များအစားထိုး ပြင်ဆင်တဲ့ဥပဒေနဲ့ ဟိုတုန်းက လုပ်ငန်းတာဝန်တွေကို အခုလက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နဲ့ မြို့နယ် အုပ်ချုပ်ရေးမှူးနဲ့ အဖွဲ့ကို ဒီဥပဒေအရ လွှဲပြောင်းပြီးတော့ တာဝန်တွေပေးထားခဲ့တာ ရှိနေပါတယ်။ အဲဒီတော့ ဒီလိုရှိနေတဲ့အခါမှာ ပြန်သုံးသပ်လိုက်တဲ့အခါကျတော့ ဒီမူလဥပဒေကြီးထဲကနေပြီးတော့ ကျွန်တော်တို့ ဒီစကားရပ်များ အစားထိုးခြင်း ဥပဒေအရ လွှဲပြောင်းပြီး အခုလက်ရှိ စီမံခန့်ခွဲအုပ်ချုပ်နေတဲ့ လုပ်ငန်းရပ်ဟာ ဒီဥပဒေထဲကတာဝန်တွေကို အမည်လွှဲပြောင်းရယူပြီးတော့ ၁၉၉၇ ခုနှစ်၊ စကားရပ်များဥပဒေအရ တာဝန်ပေးထားတာတွေ ရှိပါတယ်။ ဒီအခြေအနေမျိုးမှာ အခု ဒီဥပဒေကို ရုပ်သိမ်းလိုက်ရင် ပေးထားပြီးသား ကျွန်တော်တို့ အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ပိုင်ခွင့်တွေမှာပါ တစ်ခါတည်း ရုပ်သိမ်းလိုက်တဲ့ ဥပဒေထဲမှာပါသွားရင် အခုလက်ရှိ စီမံခန့်ခွဲအုပ်ချုပ်ရေးမှာ ဆောင်ရွက်ဖို့ရာအတွက် မဖြစ်နိုင်တော့မယ့် အခက်အခဲ အကျပ်အတည်း တွေ့လာရမယ့် အနေအထားဟာ ဥပဒေကြောင်းအရ ပြဿနာ ပေါ်ပေါက်လာပါတယ်။

အဲဒီမှာ ကျွန်တော်တို့ အားနည်းချက် (၂)ခု ဖြစ်လာပါတယ်။ တစ်ခုက ဒီဥပဒေကို ရုပ်သိမ်း လိုက်တဲ့အတွက်ကြောင့် အခုလက်ရှိ ဆောင်ရွက်မြဲ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေ လုပ်လို့မရတော့မယ့် ပြဿနာတစ်ခုနဲ့ အကယ်၍ ဆက်ပြီးတော့ လုပ်နေမယ်ဆိုရင်လည်းပဲ ဥပဒေမရှိဘဲနဲ့ဆောင်ရွက်နေ

တယ်ဆိုတဲ့ အကြောင်းအချင်းအရာပြဿနာ ဥပဒေဆိုင်ရာအငြင်းပွားဖွယ်တွေ ပေါ်ပေါက်လာမှာ ဖြစ်တဲ့အတွက်ကြောင့် ဒီ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နဲ့ မြို့နယ်အုပ်ချုပ်ရေးတွေအတွက် လိုအပ်တဲ့ ဥပဒေတွေကို စနစ်တကျပြဋ္ဌာန်းပြီးတော့မှသာ ဒီဥပဒေကို ရုပ်သိမ်းတာက ပိုပြီးတော့ ဆီလျော်ပြီးတော့ သဘာဝကျမယ်လို့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ပြန်လည်သုံးသပ်လို့ ရတာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော် လွှတ်တော်ကြီးကို လေးစားစွာ တင်ပြပြီးတော့ မူလက တင်ပြခဲ့တဲ့ ရုပ်သိမ်းတဲ့ဥပဒေကို လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနဲ့အညီ ပြန်လည်ရုပ်သိမ်းဖို့ ပြန်လည်ပြီးတော့ ရုပ်သိမ်းပြီးတော့ ဒီဥပဒေကို လတ်တလောအားဖြင့် မဖျက်သိမ်းသေးဘဲနဲ့ ဥပဒေအသစ် ပြဋ္ဌာန်းပြီးတော့မှသာ ဖျက်သိမ်းသင့်တဲ့အတွက်ကြောင့် အခုလို ပြန်လည် ရုပ်သိမ်းဖို့ တင်ပြရခြင်းဖြစ်ကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ**။ ။ဦးအောင်ကြည်ညွန့် ၏ တင်ပြချက်နှင့်စပ်လျဥ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ သဘောထားကို တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၄။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါခင်ဗျား။ ခုနတုန်းက ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီဝင် ဦးအောင်ကြည်ညွန့် တင်ပြသွားသလိုပါပဲ။ လက်ရှိ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ရေးဆွဲပြဋ္ဌာန်းထားတဲ့ ဥပဒေတွေထဲမှာ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေရှိပါတယ်။ နောက်တစ်ခုကတော့ ဒီနေ့ လွှတ်တော်ထဲမှာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနေတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ရှိပါတယ်။ ဒါပေမဲ့ ဒေသန္တရအုပ်ချုပ်ရေးဥပဒေများဖြစ်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ ဥပဒေ၊ ခရိုင်အဆင့်ဒေသန္တရအုပ်ချုပ်ရေးဥပဒေ၊ မြို့နယ်အဆင့် ဒေသန္တရအုပ်ချုပ်ရေး ဥပဒေတွေဟာ လက်ရှိအနေအထားအရ ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးပါဘူး။ ဒါကြောင့်မို့လို့ ၁၉၉၇ ခုနှစ်၊ စကားရပ်များ အစားထိုးခြင်းဆိုင်ရာဥပဒေအရ စကားရပ်ကို အစားထိုးပြီးတော့ပဲ အသုံးပြုနေရတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် အုပ်ချုပ်ရေးဥပဒေ၊ ခရိုင်အဆင့် အုပ်ချုပ်ရေးဥပဒေ၊ မြို့နယ်အဆင့် အုပ်ချုပ်ရေးဥပဒေများကို စနစ်တကျ ရေးဆွဲပြဋ္ဌာန်းပြီးတဲ့အခါ ကျရင်တော့ ဒီဥပဒေဟာ အများသိတဲ့အတိုင်းပါပဲ။ ခေတ်စနစ်နဲ့ မညီညွတ်တော့ပါဘူး။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်မှာ ဒါ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရေးဆွဲထားတာဖြစ်ပါတယ်။ သို့သော်လည်းပဲ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေနဲ့ ဒီဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေကို အပ်နှင်းထားတဲ့ ဥပဒေပိုင်းဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်မှာ ဘယ်လိုတာဝန်ယူ တာဝန်ခံပြီးတော့ ဆောင်ရွက်ရမယ်။ ခရိုင်အဆင့်မှာ တည်ဆဲဥပဒေများကို ဘယ်လိုအကောင်အထည်ဖော် ဆောင်ရွက်ရမယ်။ မြို့နယ်အဆင့်က ဘယ်လိုအကောင်အထည်ဖော် ဆောင်ရွက်ရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်တွေဟာ ဒီဥပဒေတွေထဲမှာ အကျုံးဝင်နေတဲ့

အတွက်ကြောင့်မို့လို့ ဒီဥပဒေကို လတ်တလော ရုပ်သိမ်းခြင်းမပြုသေးဘဲနဲ့ ခုနကတင်ပြခဲ့တဲ့ ဒေသန္တရ အုပ်ချုပ်ရေးဥပဒေများ ရေးဆွဲပြီးတဲ့အခါမှသာလျှင် အဲဒီဥပဒေများကို အတည်ပြုပြဋ္ဌာန်းလိုက်တဲ့ အချိန်မှာ ပြည်သူ့ကောင်စီအဆင့်ဆင့်နဲ့ အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေကို အဆိုပါဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်ဆိုပြီးတော့ ဆောင်ရွက်ဖို့ သင့်မြတ် ပါတယ်။

ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်ကြည်ညွန့် က ပြည်သူ့ကောင်စီအဆင့်ဆင့်နဲ့ အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကို အဆိုတင်သွင်းခဲ့ပြီး ဖြစ်ပေမယ့် အခုအခါမှာ ပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန် တင်ပြလာခြင်းဟာ လျော်ကန်သင့်မြတ်တဲ့ အတွက်ကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီအနေနဲ့လည်း ထောက်ခံပါကြောင်း၊ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုးက လွှတ်တော်သို့ ရိုသေလေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့် တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အဆိုတင်သွင်းခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းခွင့်ပြုရန်အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတို့ရဲ့ တင်ပြချက်အရ ပြည်သူ့ ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင် အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အဆိုတင်သွင်းခဲ့သည့် ဦးအောင်ကြည်ညွန့်၏ အဆိုကို ပြန်လည် ရုပ်သိမ်းခွင့်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အဆိုတင်သွင်းခဲ့သည့် ဦးအောင်ကြည်ညွန့် ၏ အဆိုကို အမျိုးသားလွှတ်တော်က ပြန်လည်ရုပ်သိမ်းခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

**ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်သားကိုယ်စားလှယ် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)က မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တပ်မတော်သားကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်ခင်မောင်အေး က ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ(ခ)အရ မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ ပေးပို့ထား ပါတယ်။

ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုကို တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ခင်မောင်အေး က အမျိုးသား လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဗိုလ်မှူးချုပ်ခင်မောင်အေး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံ ကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ် ခင်မောင်အေး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းတဲ့ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားနိုင်ရန် အဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအဆို တင်သွင်းမယ့် မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ယခင်နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၈/၂၀၀၂နဲ့ ၂၀၀၂ခုနှစ်က ပြဋ္ဌာန်း ထားခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ စည်ပင်သာယာရေးနဲ့ ပတ်သက်ပြီးတော့ ပါရှိပါတယ်။ အဲဒီတိုင်းဒေသကြီး ပြည်နယ်ဥပဒေပြုစာရင်းနဲ့အညီ မန္တလေးတိုင်းဒေသကြီး လွှတ်တော်က မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီလက်ထက်က ပြဋ္ဌာန်းခဲ့တဲ့ မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းဖို့လိုအပ်တဲ့အတွက် ဒီဥပဒေကြမ်းကို အဆိုပြုတင်သွင်းရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် မန္တလေးမြို့တော် စည်ပင် သာယာရေးဥပဒေကို ရုပ်သိမ်းတဲ့ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစား နိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၄၀။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဝင် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ခင်မောင်အေး တင်သွင်းတဲ့ မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် တင်သွင်းခဲ့တဲ့အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး က ထောက်ခံပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့သဘောထား ရယူပါမယ်။ မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဗိုလ်မှူးချုပ်ခင်မောင်အေး တင်သွင်းတဲ့ မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၂၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၉)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။အစီအစဉ် (၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၂၉)ရက်

မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ အချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး(၂၈)ရက်မြောက်နေ့ကို ၁၁း၄၃ နာရီအချိန်တွင် ရပ်နားပါသည်။]